သင့်တန်ပုံကိုဆိုဦးအုံ့။ ။စုဏ္ဏတောအရဖြင့်မဟာဘုတ်လေး ပါးတို့၏အပေါင်းသည်စုဏ္ဏမဟုတ်၊စုဏ္ဏတောအရ-စုဏ္ဏသည်သာ လျှင်သဏ္ဌာန်ပညတ်ဖြစ်၏ဟုဆိုအုံ့။ထိုစကားကိုစဉ်းစား၍ကြည့်ရှု လိုက်သောအခါ။ မဟာဘုတ် လေးပါးတို့တွင် အသီးသီးသော ဓာတ်သို့သည် စုဏ္ဏမဟုတ်သော်လည်း။ ဤစုဏ္ဏဟူသော အမည် သည်မဟာဘုတ်လေးပါးတို့၏ အရုအဆင်းကို။ယခင်ကပြုဆိုအပ်ခဲ့ ပြီးသောဥပမာအတိုင်း။သည်တိုင်ကြမ်းပြင်ထရံ အမိုးလေးခုတို့၏ အရုအပေါင်းကိုအိမ်ဘာဆောင်ဟုခေါ်ဝေါ် နိုင်လေသကဲ့သို့။ထိုအ တူဓာတ်လေးပါးတို့၏ အရုအပေါင်းကို စုဏ္ဏဟု ခေါ်ဝေါ်သောအ မည်ဖြစ်၏။ထိုသို့ခေါ်ဝေါ် နိုင်ခဲ့ပါမူကား။ ဤစုဏ္ဏသည်ပင်လေးပါး သောဓာတ်။လေးပါးသောဓာတ်သည်ပင်စုဏ္ဏဖြစ်လေ၏။ စုဏ္ဏက တခြားဓာတ်လေးပါးကတခြားမဟုတ်။ ဓာတ်လေးပါးကား ပရ မတ်။ စုဏ္ဏအမှုန့်ကား ၎င်းဓာတ်လေးပါးအရုဖြစ် နာမပညတ်ဖြစ် သောကြောင့်။ ဤစုဏ္ဏဟူသောပညတ်သည် စုဏ္ဏဟု အခေါ် ခံရ သောပရမတ်ကမလွတ်ဖြစ်လေ၏။ဤသို့နားလည်ကြမှပညတ် ပရ မတ်နှစ်ပါးကို ဖိုင်နိုင်သည် မည်၏။ ။ထိုကဲ့သို့ ပညတ်ပရမတ် နှစ်ပါးကိုဖိုင်နိုင်သောပုဂ္ဂိုလ်အား။ ဓာတ်လေးပါးသည် ပရမတ္ထ အားဖြင့် ထင်ရှားရှိသောတရား၊ စုဏ္ဏဟူသော ဤအမည်သည် ၎င်းဓာတ်လေးပါးတို့ကိုခေါ်ဝေါ် သော အမည်ဖြစ်၏ဟု ထင်ရှား စွာသိမြင်လေသောကြောင့်။ပရမတ်မှအသီးအခြားလွတ်နေသော ဤစုဏ္ဏသည်သာလျှင်။ အလွန်သေးငယ်သောသဏ္ဌာန်ပညတ်ပင် ဖြစ်၏ဟုဆိုနိုင်ရန်ရှိသေးအုံ့လော။ပကတိအားဖြင့်ထင်ရှားရှိသော

ပရမတ်ဖြစ်သဏ္ဌာန်မပညတ်ဘဲ။ ၎င်းပရမတ် ဆရုတ္ထိ၏ ဆမည်ဖြစ်သောစုဏ္ဏာဟူသော နာမပညတ်ကိုတဘာန်။ သဏ္ဌာန်ပညတ်တင်ပြန်လျှင်ကား ဆမှားကြီးမှားလေစု။ စုဏ္ဏ ဟူသောနာမ ပညတ်ဖြစ်ကားဆာယ်မှာသဏ္ဌာန်ရှိအံ့နည်း။ ။ထိုကြောင့် စုဏ္ဏကို စုဏ္ဏဟုနာမည် ဆတပ်ခံရသော မဟာဘုတ်လေးပါးပရမတ်တရားခြောက်တင်ပြီးပညတ်လျက်(စုဏ္ဏတော်ဆရသည် ဆလွန်သေးယော်သော သဏ္ဌာန်ပညတ်ပင်ဖြစ်သေးသည်၏ ဆဖြစ်ကိုစင်စစ်ပညာရှင်တို့သိဆပ်သိထိုက်လေတော့သည်သာတည်း)ဟု ဥာဏ်ဖြင့်ဆင်ယူမှသင့်တန်ရာ၏။

ဆထူးဆားဖြင့် စဉ်းစားရန်မှာ။ နာမ် ပရမတ်ခြောက်ကား ကြီးစွာသောဆထူးဆထယ်ဆားဖြင့် ထင်ရှားဖြစ်ခြင်းရှိသော မဟာဘုတ်လေးပါးမရှိ ခြင်းကြောင့်။ နာမ်ပရမတ်တရား- ဆာကာသတရုစိဆားဖြင့် ပိုင်းခြားခြင်းမရှိ။ ထိုကြောင့် နာမ်ပရမတ်ကို ဆမှန်ဟုမပညတ်ဆပ်။ရူပ်ပရမတ်ခြောက်။ကြီးစွာသောဆထူးဆသယ်ဆားဖြင့်ထင်ရှားဖြစ်ခြင်း ရှိသော မဟာဘုတ်လေးပါးရှိခြင်းကြောင့်။ ရူပ်ကလာပ်တရုဆာကာသတရုစိဆားဖြင့် ပိုင်းခြားခြင်းရှိ၏။ထိုကြောင့်ရူပ်ပရမတ်ဖြစ်သော ဆယော်ဆုံးကို ဆမှန်ဟုပညတ်ဆပ်၏။ဆခေါ်း ၁၁-ခြောင်းလင်းစွာဆကျယ်ပါလာလိမ့်မည်။

စုဏ္ဏတောဆရသုံးသပ်ပုံကိုယုံကြည်သက်ဝင်လောက်ဆောင်ပြောင်ခြင်းပြီး၏။

---

(၉) စုဏ္ဏတောဟူသောဇရိသည်ဘုရားဟောတော်ပါဠိတို့တော်ကိုနှင့်ကိုက်မကိုက်-ညီခဲညီကိုက်ပြောင်ခြင်း။

စုဏ္ဏတောဟူသောပုဒ်ကို၊ဆခေါ်း ၄-ခု ဝိသုဒ္ဓိမဂ်ဆဋ္ဌကထာခြောက်လာသောဆတိုင်းပြဆိုဆပ်ခဲ့ပြီ။ ၎င်းဆဋ္ဌကထာ ဆရာမြတ်က။ ဤစုဏ္ဏသည်ဆာယ်နည်းဟုမသိတော့ဝေမရှိရေရအောင် · စုဏ္ဏတောတိုက်မတ္ထိုသရိရေ မဏ္ဍိမေနပမာဏော နု ပရိဂ္ဂယ္ဟမာနာ ပရမာ

ကာဟောဒ သဠာ,ဏ္ဍာ သုခုမ ရဇာဘုတာ....ဟူ၍ ရှင်းလင်းစွာဖွင့်လှစ်၍ပြတော်မူသေပြီ။ ။ပရမာဏုဟောဒသဠာ,ဏ္ဍာ၊ပရမာဏုမြို့အဆိုင်းအခြားရှိသော မှုန့်မှုန့်ညက်ညက်ဖြစ်၍ဖြစ်သော။ ။(ဤကားအနက်)။

ဤကဲ့သို့ရုဏ္ဍာဟူသောပုဒ်ကို....ပရမာဏုဟောဒသဠာ,ဏ္ဍာ....ဟူသောပုဒ်ဖြင့်ဖွင့်လှစ်၍ပြသော်လည်း။ မျှားစွာမရှင်းမလင်းနိုင်ဘဲ။ ဤ'ပရမာဏုဟောဒ သဠာ,ဏ္ဍာ' ဟူသည် အာဘယ်မျှလောက်ငယ်လေသနည်းဟု။ ယုံမှားဘွေ့ဝေမရှိစေရအောင်။ ၎င်းပရမာဏုဟောဒသဠာ,ဏ္ဍာ,ဟူသောပုဒ်ကို သုခုမရဇာဘုတာ, ဟူ၍တာဘန်ဖွင့်လှစ်၍ ပြတော်မူပြန်၏။ ။သုခုမ ရဇာဘုတာ၊ သိမ်မွေ့သော မြူဖြစ်၍ဖြစ်သော။(ဤကားအနက်)။

ဝိသုဒ္ဓိမဂ်၌ဆိုကဲ့သို့ရုဏ္ဍာဟူသောပုဒ်ကို ပရမာဏုဟောဒသဠာ,ဏ္ဍာ,ဟုဖွင့်။ပရမာဏုဟောဒသဠာ,ဏ္ဍာကိုတာဘန်။သုခုမရဇာဘုတာ ဟုအဆင့်ဆင့် ဖွင့်လိုက်လျှင်။ ဤရုဏ္ဍာဟူသော အမည်သည်သိမ်မွေ့သေးငယ်သောမြူ-အနက်ရှိသော သုခုမရဇ- ဖြစ်ကြောင်းပေါ်လွင်ထင်ရှား သွားလေ၏။ရုဏ္ဍာသဒ္ဒါနှင့် ရဇာသဒ္ဒါတို့သည် သဒ္ဒါမျှသာထူး၍။ အနက်မထူး ကြပေ။ ဟူ၍သိကြ၊ စာအုပ်ကို အချို့သော အရပ်၌စာအုပ်ဟုခေါ် ၍။အချို့သောအရပ်၌ ဘုတ်အုပ်ဟုခေါ်သကဲ့သို့တတ်ကြ။ ထိုကြောင့် အရပ်ဒေသကိုလိုက်၍ အခေါ် အဝေါ် ပညတ်အားဖြင့်ပင်ထူးခြားသော်လည်း။အခေါ်အဝေါ် ပညတ်ခံရသောဝတ္ထုသည်ကားတခုတည်းပင်ဖြစ်၏ဟုသိကြရာ၏။ အရပ်ဒေသကို လိုက်၍ ခေါ်ဝေါ် ပညတ် နိုင်ကြောင်းကို ဘုရားဟောတော်ပါဠိတော်နှင့်အခဏား(၁၉)မှာကိုးပြမည်-ကြည့်ကြလေ။ ။ ထိုကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာမြတ်သည် ရဇာသဒ္ဒါ၏အစားရုဏ္ဍာသဒ္ဒါကိုပရိယာယ်အားဖြင့်အသုံးပြုတော်မူလေသည်ဟုသိကြရာ၏။

မြတ်စွာဘုရားရှင်သည် ဓမ္မသင်္ဂဏီ ပါဠိတော်။ ရန်ကုန်မြို့ဟံသာဝတီသတင်းစာပုံနှိပ်တိုက်ထွက်-မျက်နှာ ၁၂၄·၁၂၅-၌။

ဆဆင်း ဝဏ္ဏာယတန တရုတည်းကိုပင် ၃၅-မည်တပ်၍ ဟော တော်မူရာ၌။ ဝတ္ထုကိုသုံးသပ်၍ ဟောတော်မူဆပ်သော ဆက္ခာ, မဟိကာ,ရူပေါ,ရေဒေါ,ဤလေးပုဒ်တို့ဖြင့်။ ဆကြောင်းဆားလျှော် စွာစက်လှည့်၍။ အကြိမ်ပေါင်း များစွာဟောတော် မူဆပ်လေပြီ။ ၎င်းလေးပုဒ်တို့တွင်ရေဒေါ,ဟူသောပုဒ်သည်,ဆာဘယ် အနုက်ရှိသ နည်း။ ယခင်ကပိသုဒ္ဓိမဂ် ဆဠာယတန ဆရာမြတ်ဓိန္ဒိုဆိုတော်မူဆပ် သော စုဏ္ဏ.၏ ဆဖွဲ့ဖြစ်သော သုခုမ ရေဓာတ် မဟုတ်လေလော။ ဓမ္မသင်္ဂဏီပါဠိတော်၌ ဘုရားရှင်ဟောတော်မူဆပ်သော ဤရေ ဓာ နှင့်,ပိသုဒ္ဓိမဂ် ဆဠာယတန ဆရာမြတ်က- ဤစုဏ္ဏဟူသောဆမည် သည် သုခုမရေဓာကို-သာဆိုလိုသော ဆမည် ဖြစ်ပါသည်ဟု ဝန်ခံ တော်မူဆပ်သောစုဏ္ဏသည်ဆာဘယ်သို့ထူးခြားလေအံ့နည်း။ မထူး ခြားကြပြီ မဟုတ်လော။ ထိုကဲ့သို့ ဘုရားရှင် ဟောတော်မူဆပ် သောရေဓာနှင့်ပိသုဒ္ဓိမဂ်ဆဠာယတနဆရာမြတ်ရေးသားတော်မူဆပ် သောစုဏ္ဏသည်။ ပိသုဒ္ဓိမဂ်ဆဠာယတန ဆရာမြတ်က ၎င်းစုဏ္ဏဆရေ ကိုသုခုမရေဓာဟူ၍ဖွင့်ဆိုတော်မူသောကြောင့်။ တသားတည်းထပ် တူဖြစ်ခဲ့ပါမူကား။ ၎င်းဆဠာယတနဆရာမြတ်ကို ဘုရားရှင်ဆလို တော်မကျသောစကားများကို၊ ပမာဒလေခပြု၍ ရေးသားထားခဲ့ လေသည်ဟု ဖြစ်တင်ဝံ့ကြဦးမည်လော။ (ပမာဒလေခ၏ ဆနုက် ကား၊သတိမထားဘဲ၊ မှားမှိုင်တွေဝေ မေ့လျော့၍ ရေးသားခြင်း။ တနည်း။ ဆရမ်းမဲ့ရေးသားခြင်း)။

ထိုကြောင့်ပိသုဒ္ဓိမဂ် ဆဠာယတန ဆရာမြတ်ဖြစ်တော်မူသော ဆရှင် မဟာဗုဒ္ဓဃောသ မထေရ် ကြီးသည်။ ဘုရားရှင်၏ ဆလို တော်သို့မကျသော။ပါဠိတော်တို့၌ ဟောတော်မမူဆပ်သော ဤ စုဏ္ဏသဒ္ဒါကိုပမာဒလေခပြု၍ရေးသားလေသည် ဟူသော ဆယူ ကို စွန့်ကြလေကုန်။ ဤစုဏ္ဏသဒ္ဒါကို ပိသုဒ္ဓိမဂ် ဆဠာယတနဆရာ မြတ်သည်သာလျှင် ရေးသားတော်မူသည်။ ပါဠိတော်တို့၌ မရှိ။ ဘုရားရှင်မဟောဆပ်ဟု မှတ်ယူဆပ်။ စုဏ္ဏသဒ္ဒါဖြင့် ဘုရားရှင် ဟောတော်မူကြောင်းကိုဆခဏ်း ၁၄-၄၁ ဆိုမည်ကြည့်ကြလော။

ထိုအခါရုက္ခတော အရကို ဝိသုဒ္ဓိမဂ်၌သာလာသည်။ ဘုရားရှင်မဟောအပ် ဟူသော အယူကို ပယ်စွန့် နိုင်လိမ့်မည်။ ကောင်းကောင်းကြီး သတိ ထားကြ။ အထူးထူး အထွေထွေ မဖြစ်ကြစေလင့်။

အထူးမှတ်သားရန်အချက်ကား။ ပထဝီ အာပေါစသော အားဖြင့်အသီးသီးသောလက္ခဏာတို့ကို သုံးသပ်သည်ဖြစ်စေ။ အမှန့်ရုက္ခအားဖြင့်သုံးသပ်သည်ဖြစ်စေ။ထိုသို့မဟုတ်မူ၍ဆံပင် အမွေးစသော ၃၂-ပါးသော ဒွတ္တိံသာကာရအားဖြင့် သုံးသပ်သည်ဖြစ်စေ။အလုံးရုံသောထိုသုံးသပ်ခြင်းတို့သည် သမထဆရာလုပ်ချည်းအတူတူဖြစ်ကြကုန်၏။အချို့သောပုဂ္ဂိုလ်တို့က ပထဝီ ဂဏ္ဌဋ္ဌလက္ခဏာ၊အာပေါအာဗန္ဓနု လက္ခဏာစသည်ဖြင့် သုံးသပ်ခြင်းတရုမ္ဘကိုပင်အလုပ်ဟု ထင်ကြကုန်၏။ သို့ရာတွင် လက္ခဏာ သုံးတန်သို့မတင်သဖြင့် ဝိပဿနာအလုပ်မဟုတ်သေးဟု သိကြလေ။ နော်ဝ်ခ္ဍိ သိသာလာလိမ့်မည်။

ရုက္ခဟူသောပုဒ်သည်ဘုရားဟောပါဠိတော်နှင့်ကိုက်
မကိုက်။ညီမညီကိုပြုဆိုခြင်းပြီး၏။

---

(၁၀) လက္ခဏာဒီပဘာဝအရသုံးသပ်ပုံကိုယှဉ်ကြည့် သက်ဝင်လောက်အောင်ပြုဆိုခြင်း။

ဤလက္ခဏာဒီပတောအရသုံးသပ်ပုံကိုအခေါ်း ၅-၌ပြုဆိုအပ်ခဲ့ပြီ။အနည်းငယ်ထပ်၍ဆိုဦးအံ့။ ။ရုက္ခတောအရနှလုံးသွင်းခြင်းသည်ခေတ်တို့၏အပေါင်းအရုအားဖြင့်နှလုံးသွင်းခြင်းဖြစ်၏။ ယခုဆခါပရမတ်ဆတ်ဆတ်ဖြစ်သောသဘောရုပ်ကို သိမ်းဆည်းအပ်သည်၏အဖြစ်ကို ပြသိသောကြောင့် လက္ခဏာ အစဉ်ရှိသောအားဖြင့်နှလုံးသွင်းခြင်းကို အဋ္ဌကထာ ဆရာဆိုအပ်၏ဟုဂုဏ်ဒီကာ မျက်နှာ ၇၂ ၃ ၃-၌။

သော ပနာယံ တာသံ စုဏ္ဏာ တော မနသိကာရော သစ္စာတ ဝေသနာ ဟောတိ တိနိဒ္ဒုဋ္ဌံ သရူပ ၊ မဝ ပရိဂ္ဂဟောတ ဗ္ဗံ ဒ သော တုံ လက္ခဏာဒိ တောမနသိကာ ၊ ရော ဝုဒ္ဓ္ဘာ။ ။

(အနက်)။ ။တာသံ၊ ထိုခါတ်တို့၏။ စုဏ္ဏာ တော၊ အမှုန့်အား ဖြင့်။ သော ပနာယံ မနသိကာ ၊ ရော၊ ထိုနှလုံးသွင်းခြင်းသည်။ သစ္စာ တ ဝေသနာ၊ အပေါင်းအစု၏ အစွမ်းအား ဖြင့်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထိုကြောင့်။ နိဗ္ဗုဋ္ဌံ၊ ပရမတ်ဆတ်ဆတ်ဖြစ်သော။ သရူပ မဝ၊ သ ရုပ်ကိုသာလျှင်။ ပရိဂ္ဂဟောတ ဗ္ဗံ၊ သိမ်းဆည်းအပ်သည်ကို၊ ဒ သော တုံ၊ ဖြတောက်မှုခြင်းငှါ။ လက္ခဏာဒိ တော၊ လက္ခဏာ, ရသ, ပစ္စုပ ဋ္ဌာန်, အား ဖြင့်။ မနသိကာ ၊ ရော၊ နှလုံးသွင်းခြင်းကို။ ဝုဒ္ဓ္ဘော၊ ဗိန္ဓိဆို တောမှု အပ်၏။

ဤဒိုကာဆရာမြတ်၏ စကားတော်ခို- သရူပ မော ဝ, ဟု ဗိန္ဓိဆို တောမှုခြင်းကြောင့်၊ အပေါင်း အစည်း အား ဖြင့် ရှုဆင်ခြင်ခြင်း မဟုတ်ဟုသိရာ၏။ သရူပ သဒ္ဒါသည် တရုတရုစီ အသီးအခြား- ကောင်စဉ်-ဟူသော အဓိပ္ပါယ်ရှိ၏။ ထိုတရုတရုစီ ဖြစ်သော ပထဝီ, အာပေါစသော ဓာတ်တို့သည်သာလျှင် ပရမတ်ဆတ်ဆတ်ဖြစ်၏။ တစုံတရုသော နည်းအားဖြင့် စုပေါင်း၍ မရကောင်း။ ပကတိကိုယ် ကစုပေါင်း၍ ဖြစ်ပေါ်သော တရား ဖြစ်၏။ ခွဲနုတ်ယူ၍ လည်း မရသော ကြောင့် တပေါင်းတည်းသာ လျှင် ဖြစ်၏၊ ထိုသို့တပေါင်းတည်း မကွဲ မကွာ ဖြစ်သော ဓာတ်တို့ ဖြစ်ခြင်းကြောင့်၊ နှလုံးသွင်းသော ပုဂ္ဂိုလ် အား ဓာတ်တို့၏ လက္ခဏာတို့ကို သာ မှတ်၍ ရှုရာ၏။ နုတ်မယူသင့် ရာ။ ထိုအခါ ထိုကဲ့သို့ ရှုသော ပုဂ္ဂိုလ်အား လက္ခဏာမျှ သာ ရှိ၏။ ပြု စရာ မရှိဟု ဆိုနိုင်ဦးအုံ့လော။ ပြုစရာ မရှိသော တရား၌ လက္ခဏာ ကား အဘယ်ကရောဲ့လာအုံ့နည်းဟု စဉ်းစားစရာ ရှိ၏။ လက္ခဏာ သည်ပင် ပြုစရာ ရှိသော တရားမဟုတ်လော၊ ပြုစရာ ရှိသော တရား ပင် လက္ခဏာ မဟုတ်လော၊ လက္ခဏာ ကတခြား ပြုစရာ ရှိသော တရား ကတခြား မဟုတ်။ ။ပြုစရာ ရှိသော လက္ခဏာ ကတခြား- ပထဝီစသော ဓာတ် ကတခြား မဟုတ်။ ပထဝီ ဓာတ်သည်ပင် လက္ခ

ဏာ။လက္ခဏာသည်ပင်ပထဝီခေါ်၊ ဆောယ်ကြောင့်နည်း။ စဉ်းစားကြ။ပထဝီတခြား-ကကွဲတခြားမဟုတ်၊ပထဝီသည်ပင်ကကွဲ၊ကကွဲသည်ပင်ပထဝီ၊ ထိုဆခါ ပထဝီခေါ်သည်ပင် ကကွဲ-လက္ခဏာ၊ကကွဲလက္ခဏာသည်ပင်ပထဝီခေါ်ဟုဆဖြေထွက်လေရာ၏။ ။ပသဝီခေါ်ဆိုရာ၌လည်း ပထဝီဘခြား-ခေါ်တခြားမဟုတ်ဘဲ။ ပထဝီသည်ပင်ခေါ်၊ ခေါ်သည်ပင် ပထဝီ ဖြစ်ကြောင်းကိုလည်းသိကြလေ။ ထိုဆေ-ကြောင်းကိုပြတော်မူသိုသော ဝိသုဒ္ဓိမဂ်ဋီကာဆရာမြတ်သည်စာမျက်နှာ ၄၂၂ဂ-၌။

တတ္ထလက္ခဏတိ ဇေတနာတိလက္ခဏံ၊ ကကွဲတ္ထော်လက္ခဏာ မေတိသောတိကကွဲတ္ထာလက္ခဏာ၊နနုစကကွဲတ္ထာမေဝ ပထဝီခေါ်ဟူတိသစ္ဆေမတံ၊ တသောပိ ဝိညာတဝိညာတ သဒ္ဒဋ္ဌဝေသေန ဆဘိန္နေ၀ိခမ္ဘောဟုနာသိဒ္ဓေနဟောဒေနဝေ၀ိနိဗ္ဗေသောကဟော၊ ဇေ၀ဟိ ဆဋ္ဌ၀ိသေသာ၀ဗောဓော ဟောတိတိ၊ဆဏ၀ါ လက္ခဏတိတိ လက္ခဏံ၊ကကွဲတ္ထော်ဟုတ္ထာ လက္ခဏမာနာခေါ်ဟု ကကွဲတ္ထာလက္ခဏာတိ ဇေ၀မေဋ္ဌဆဏ္ဌောဒဋ္ဌဗ္ဗော၊သေသာသုပိ ဇေသော၀နယော။

(ဆနက်)။ ။တတ္ထ၊ လက္ခဏာဒိတော ဟူသော ဥဒ္ဒေသဝ်၌၊ ဇေတနာ၊ထိုသဘောတရားဖြင့်။ လက္ခဏတိ၊မှတ်ဆပါ၏။ ဣတိ၊ထို့ကြောင့်။လက္ခဏံ၊မည်၏။လက္ခဏံ၊မှတ်ကြောင်း။ (ကရဏသာ၀နကိတ်ဝိဂြိုဟ်)။ ။ဇေတိသော၊ ထိုပထဝီခေါ်ဆား။ ကကွဲတ္ထော်၊ ခက်မာသည်၏အဖြစ်သည်။ လက္ခဏံ၊မှတ်ကြောင်းသည်။ ဆတ္ထိ၊ ရှိ၏။ဣတိ၊ထိုကြောင့်။သောခေါ်ဟု၊ထိုပထဝီခေါ်သည်။ ကကွဲတ္ထာ လက္ခဏာ၊ မည်၏။ ကကွဲတ္ထာ လက္ခဏာ၊ ခက်မာသည်၏အဖြစ်ဟူသော လက္ခဏာရှိသောခေါ်။ (ဗဟုဗ္ဗိဟိ သမာသ် ဝိဂြိုဟ်)။ (ဤဗဟုဗ္ဗိဟိဝိဂြိုဟ်၌။ လက္ခဏာရှိသောဟု (ရှိသော)သဒ္ဒါပါသ ဖြင့်။ဥစ္စာရှိသောလူဟုဆိုသောဆခါ၊ ဥစ္စာတခြား-လူတခြားထွက်သကဲ့သို့။ထို့ဆဟု ခက်မာသည်၏အဖြစ်ဟူသောလက္ခဏာကတခြား။ ထိုလက္ခဏာရှိသော ခေါ်ကတခြား ဖြစ်လေသလောဟု

စောဒနာဘွယ်ရှိ၍ပြေရှင်းပြလိုသောကြောင့်။ နနွစကကွဇ္ဇတ္တေမေ ဝ,အစရှိသောစကားကို ဆက်လက်၍တဘန်ပိန့်တော်မူပြန်၏)။ နနွစစောဒေါ၊ စောဒနာဦးအုံ့။ကကွဇ္ဇတ္တေမေဝ၊ ခက်မာသည်၏အခြစ်သည်သာလျှင်။ ပထဝီခါတု၊ပထဝီခါတ်မဟုတ်ပါလော။ ဣတိ အယံ၊ဤသည်လျှင်။စောဒနာ၊အမေးတည်း။ တေံဝစနံ၊သင်စောဒကဆိုသောစကားသည်။သစ္စံ၊ဆိုတိုင်းမှန်၏။ဘထာပိ၊ထိုသို့ပင်မှန်သော်လည်း။ ဝိညာတဝိညာတသဒ္ဒဿတာဝေသေန၊ ထင်ရှားထင်ရှားသော သဒ္ဒါအနက်၏အစွမ်းအားဖြင့်၊ ဝမ္မေ၊ကကွဇ္ဇတ္တေဟု ဆိုအပ်သောဘရားလက္ခဏာဟုဆိုအပ်သောတရားသည်၊ အာဘိန္ဓေ ဝိ၊မကွဲပြားပါသော်လည်း။ ကပ္ပနာသိဒ္ဓေန၊ ကြံ၍ပြီးခြင်းရှိသော။ ဘေဒေန၊ အပြားအားဖြင့်။ဝေါ၊ဤသို့။ နိဒ္ဒေသော၊ကကွဇ္ဇတ္တေလက္ခဏာဟူသော ညွှန်းပြခြင်းကို၊ ကတော၊ပြုအပ်၏။ ဟိ၊ထိုစကားသည်မှန်၏။ဝေါ၊ဤသို့ညွှန်းပြအပ်သည်ရှိသော်။ အတ္ထိ၊သောသာဝ ဗောဓော၊ သဘောတရားအထူးကိုထိုးထွင်း၍သိခြင်းသည်။ဟောတိ၊ဖြစ်၏။ဣတိ၊ဤသည်လျှင် ကကွဇ္ဇတ္တေလက္ခဏာဟူသောပုဒ်ကို ပြခြင်းတည်း။

အထဝါ၊တနည်းသော်ကား။ ယာဝမ္ဘဒါတိ၊အကြင်တရားသဘောကို။လက္ခိယတိ၊မှတ်အပ်၏။ဣတိ၊ထိုကြောင့်။ သာဝမ္ဘဒါတိ ထိုတရားသဘောသည်။ လက္ခဏံ၊ လက္ခဏာမည်၏။ လက္ခဏံ၊ မှတ်အပ်သောတရား။(ကမ္မသာဓနကိတ်ပဒ္ဓတိ)။ကကွဇ္ဇတ္တံ၊ခက်မာခြင်းအဖြစ်သည်။ဟုတွာ၊ဖြစ်၍။လက္ခိယမာနာ၊မှတ်အပ်သော။ ခါတု၊ ခါတ်သည်။ ကကွဇ္ဇတ္တေလက္ခဏာ၊ ကကွဇ္ဇတ္တေ လက္ခဏာမည်၏။ ကကွဇ္ဇတ္တေလက္ခဏာ၊ ခက်မာခြင်းအဖြစ်-ဖြစ်၍ မှတ်အပ်သောခါတ်။ ။သမ္ဘာဝနာကမ္မဓာရယသမာသ်ပါ(ဒ္ဓတိ)။ ။ဤသမာသ်ပါ(ဒ္ဓတိ)ဖြင့်၊ ကကွဇ္ဇတ္တေလက္ခဏာသည်ပင်ပထဝီခါတ်ဖြစ်ကြောင်းကိုသင်ရှားပွားပြအပ်၏။ ။ပဌမပြုအပ်ခဲ့ပြီးသောဗဟုဗ္ဗီဟိသမာသ်၌လည်း လက္ခဏံ,ဟူသောပုဒ်ကို ကကွဇ္ဇတ္တံ,ဟူသောပုဒ်က ဝိသေသန,ခံထားသောကြောင့် တူသော တည်ရာမှ်သော

တရားပြုကရဏာဖြစ်၍-အရတူလေသည်။ ထိုကြောင့်-နနှစ,အစရှိ သောအားဖြင့်စောဒနာရာဒ္ဓိကကွဲတွေ့သည် ဓာတ်လောဟူ၍သာ စောဒနာခြင်းကိုပြုလေ၏။ကကွဲတွေ့သည်ပင်လက္ခဏာလောဟ စောဒနာရန်မသင့်ပြီ။ ထိုကြောင့် စိစစ်၍ကြည့်သော်၊ ကကွဲတွေ့ သည်ပင်-ပထဝီဓာတ်။ ပထဝီဓာတ်သည်ပင်- ကကွဲတွေ့အားဖြင့် အရတူ၏။ ကကွဲတွေ့သည်ပင် လက္ခဏာ။ လက္ခဏာသည်ပင် ကကွဲတွေ့အားဖြင့် အရတူနေပြန်သောအခါ၊ဓာတ်တခြား, လက္ခ ဏာတခြား မဟုတ်ဟု သိသာရ လေ၏။ ဤဒိုကာ စကားသည် အခဏား ၇-၌ပြုဆိုအပ်ခဲ့ပြီးသော ဝိဘင်းအဋ္ဌကထာစကားနှင့်အ လွန်ကိုက်ညီ၏။သို့ရာတွင် သာမညလက္ခဏာဟုဆိုအပ်သော ဈ နိစ္စ,ဧသော လက္ခဏာတို့သည်ကား။ အနိစ္စ,စသော ရူပ,နာမ်သ ဘာဝမျှနှင့် မတူသော၊ ထိုရူပ,နာမ်သဘာဝမျှတို့၏ အနိစ္စ,စ သော အခြင်းအရာကို မှတ်ကြောင်း ဖြစ်သော လက္ခဏာတို့ပင် ထည်း။

အသီးအသီးသော ဓာတ်တို့၏ သဘောလက္ခဏာတို့ကို ပိုင်း ခြားမှတ်သားခြင်းသည်အ ဘိဓမ္မာနည်းအားဖြင့် သုံးသပ်ဆင်ခြင် နိုင်သောစတုဓာတုဝ ဝတ္ထာန်နည်းဖြစ်၏။ ထိုသို့နှလုံးသွင်းဆင်ခြင် သောပုဂ္ဂိုလ်အားဓာတ်တပါးတပါးစီတို့၏သဘောသဘာဝမျှကိုသာ အာရုံရှုးစိုက်လျက် ဓာတ်မျှသာဖြစ်၏။သတ္တဝါမဟုတ်, အသက် မဟုတ်ဟု ဆင်ခြင်သုံးသပ်၏။ အပ္ပနာဈာန်သို့ကား မရောက်မူ၍ ဥပစာရဈာန်မျှသာဖြစ်၏၊ သမထအလုပ်ပင်တည်း။ဝိပဿနာအ လုပ်မဟုတ်။ သုံးသပ်ဆင်ခြင်သောပုဂ္ဂိုလ်၏ဉာဏ်အား၊တခုတခု စီသောဓာတ်တို့၏ သဘောလက္ခဏာမျှကိုပင် ထင်ပြင်လာသော် လည်း။ ထိုဓာတ်တို့သည်ပကတိအားဖြင့်တပေါင်းတစုတည်းအခဲ အတုံးအတိုင်းပင်ဖြစ်၏။ သို့ရာတွင်ဓာတ်တို့မှကားအသီးအခြားစီ တကွဲတပြားစီဖြစ်၍ လွင့်စင်ပျောက်ပျက်မသွားကြလေကုန်။ ထို ပုဂ္ဂိုလ်အားဥဒယဗ္ဗယဉာဏ်သို့ရောက်သောအခါ၌မူကား။အဆက် မပြတ်ဘဲ လျင်မြန်စွာဖြစ်ပျက်နေသောအခြင်းအရာ အာကာရဟု

ဆိုဆုပ်သော လက္ခဏာရေး သုံးတန်သို့ တင်၍ သုံးသပ်ရန် ရကောင်းသောသင်္ခါရနိဗိတ်ဆာရုံရှိရာ၏။

ဆရှိသောပုဂ္ဂိုလ်တို့က သင်္ခါရနိဗိတ်မရှိဟု ဆိုကြလတ္တံ့။ထိုပုဂ္ဂိုလ်တို့၏အယူအဆသဘောကိုစဉ်းစားကြည့်ရှုလိုက်လျှင်။ဧတရဟု ခေတုဝေဝဏ္ဏာနုကမ္မဇာနုဟုဆိုဆုပ်သော ဥပစာရသမာဓိဆုပ်ကိုလုပ်စဉ်အခါကပင်၊ ပကတိကိုယ်က ရုဝေးနေသော ခေတ်ရှေခေတ်ခဲ့ဖြစ်ဆာရုံပြု၍၊ခေတ်ဆယ်သီးသီးတို့၏သဘောလက္ခဏာတို့ကိုဉာဏ်ဖြင့်သာလျှင်ဝေဘန်ပိုင်းခြားမှတ်သားဘဲ၊ကာလဇဋ္ဌာလက္ခဏာ ပထဝီခေတုစသောဆားဖြင့်၊ စာပေကျမ်းဂန်တို့၌ လာသော စာ၏သဘော တခုတခုစီ လက္ခဏာတို့ကိုသာလျှင်၊ ပထဝီခေတ်သည်မာ၏စသောဆားဖြင့် စိတ်ကူးကြံစည်နေကြလေကုန်၏။ သုံးသပ်ဆုပ်သောဆာရုံဝတ္ထုဒ္ဒိတင်၍မသုံးသပ်လေ။

တနည်းဆားဖြင့်လည်း၊တခုတည်းသောဝတ္ထုဒ္ဒိခေတ်လေးပါးတို့၏သဘောလက္ခဏာကို မရှာကြံမှတ်သားဘဲ၊ ဝေ့ဝဲဘူးသော သံကျောက်တို့၏ မာသောသဘောကိုမှတ်မိ၏။ မီးပူ,နေပူစသည်တို့၏ပူသောသဘောကိုမှတ်မိ၏။ ဗဟိဒ္ဓဒ္ဓိဝေ့ဝဲဘူးသော တွန်းကန်တတ်သောလေ၏,တွန်းကန်သောသဘောကိုမှတ်မိ၏။ဗဟိဒ္ဓဒ္ဓိမြင်ဘူးသောရေ, ကော်ရည်တို့၏ စည်းကပ်တတ်သော သဘောကိုမှတ်မိ၏။ထိုမိမိဝေ့ဝဲဘူးသောမာသောသဘော, ပူသောသဘော, (အဂေါ်လည်းယူ)။တွန်းကန်သောသဘော,စည်းကပ်တတ်သော သဘောတို့ကိုစုပေါင်း၍ကြည့်ရှုသောအခါ။ခေတ်တခုတခုစီ၌ ဆမှန့်ကို ရှာမတွေ့သောကြောင့်၊ ခေတ်ကြီး လေးပါးတို့၏ ဆစုကို ဉာဏ်ထဲ၌ မထင်မြင်ဖြစ်လေ၏။ ထိုအခါပရမတ်တို့ မည်သည်မှာ ပြဝေရာမရှိ-အရိပ်အရောင်မရှိဟုထင်မှတ်ယူဆကြလေကုန်၏။

တနည်းဆားဖြင့်ဆံပင်ဒ္ဒိတင်၍သုံးသပ်သောအခါလည်း၊ယခင်ကဆိုးပ်ခဲ့ပြီးသောတခြားမှာသာလျှင်ဖြစ်သောမာသောသဘော၊ ပူနွေးသောသဘော, တွန်းကန်တတ်သောသဘော,စေးကပ်တတ်သော သဘောတို့ကိုသာလျှင်၊ထိုဆံပင်ဒ္ဒိတင်၍သုံးသပ်၏။ ထိုဆံ

ပင်ခွဲပင်-ဌင်းခေတ် ၄-ပါးတို့၏ သဘောလက္ခဏာကို မရှာလေ။ ထိုအခါ ယခင်ခေတ် ၄-ပါးတို့အပေါင်း ဖြစ်သောသံ, ကျောက်, မီးပူ,နေပူ,လေ,ရေ,ကော်ရည်တို့ခွဲတခု တခုစီ။သံ,ကျောံ့-ပထဝီ။ မီးပူ,နေပူ၌ တေဇော။ လေ-ဝါယော။ ရေ,ကော်ရည်-အာပေါ ခေတ်အသီးအသီးတို့ကိုရုပေါင်း၍ကြည့်လိုက်သောအခါ၊မိမိမှတ် သားခဲ့ဘူးသော သံ,ကျောက်၊ မီးပူ,နေပူ၊လေ၊ရေ,ကော်ရည် ဤ လေးမျိုးတို့သည် ရုပေါင်း၍သည်းမရောက်လာ။ သို့တည်းမဟုတ် သံ၊ကျောက်သော်ငင်းမဖြစ်ပေါ်။ မီးပူနေပူ၊လေ၊ ရေကော်ရည်တို့ တွင် တမျိုးမျိုးသော်လည်း မဖြစ်ပေါ် နိုင်သောကြောင့်။ ခေတ်တို့ မည်သည့်နှာ ပြစရာမရှိ, အရိပ်အရောင်မရှိ။ မရှိသည်လည်း မ ဟုတ်၊ ထင်ရှားရှိ၏ဟူ၍သာ ထင်မှတ်ယူဆကြလေကုန်သကဲ့သို့။ ထိုနည်းတူစွာ မိမိမှတ်သားဘူးသော စိတ်ကူးနှင့်သာ ကြံစည်၍ ရအပ်သော လက္ခဏာတို့ကိုသာလျှင်၊ ဆံပင်ခွဲတင်၍ သုံးသပ် သောအခါ။ ရှိရင်းဖြစ်သော ဆံပင်တည်းဟူသော အထည်ဝတ္ထု၊ ဒြဗ်အရာသည်ဦးခေါင်းထက်ခွဲထင်ရှားရှိသော်လည်း၊စိတ်ကူးထဲ ခွဲမှုကားပျောက်ကွယ်သွားကြလေကုန်၏။ ထိုကဲ့သို့အထည်ဝတ္ထု၊ ဒြဗ်မထင်ပျောက်ကွယ်၍သွားခြင်းကိုပင်။ငါတို့ပရမတ်ကိုသိမြင် ကြကုန်၏ဟုမှတ်ထင်ကြလေကုန်၏။

ဆံပင်စသည်ခေါ်ဝေါ်အပ်သော ပထဝီ,အာပေါ,တေဇော,ဝါ ယောတည်းဟူသော ခေတ်ကြီး ၄-ပါးတို့သည် နာမ် ပရမတ်တို့ ကဲ့သို့မဟုတ်။ လက်ဖြင့်သယ်ယူထမ်းပိုး၍ အလေး,အပေါ့ကို ရ ကောင်းသောအရာဝတ္ထုဖြစ်၏။ ခြင်တွယ်၍ရကောင်း၏။ ထိုသို့ ဖြစ်ပါလျက်မဟာဘုတ်လေးပါးကိုပြစရာမရှိ၊ အရိပ်အရောင်မရှိ ဟူ၍မဟာဘုတ်လေးပါးမပါမရှိသော နာမ်တရားတို့နှင့် အတူတူ ပြုလျက်၊ ပရမတ်ချင်းအတူတူဟူ၍မဆိုအပ်။ စင်စစ်အထည်ဒြဗ် သဏ္ဌာန် ပညတ်အားဖြင့် ပြအပ်သောတရား,အရိပ်အရောင် ရှိ သော တရားပင်တည်းဟု သိကြကုန်ရာ၏။ ထိုသို့စဉ်တောအရ ဆင်ခြင်နည်းနှင့် လက္ခဏာဒီတော,အရ ဆင်ခြင်နည်းကို သိနား

လည်ကြသောဆရာ။ထိုနှစ်ရပ်တို့၏ခြားနားခြင်းကိုလည်း သိသာ လာသဖြင့်။ထိုနှစ်ပုဒ်တို့တွင်ဆာယပုဒ်သည်သင့်လျော်ကြောင်း, ဆာယပုဒ်သည်မသင့်လျော်ကြောင်းကိုလည်း မိမိကိုယ်တိုင်က ဉာဏ်ရှိုင်လာ၍ဆုံးဖြတ်နိုင်လာကြပေလတ္တံ့။

ထင်ရှားစွာပြသိုက်ပေအုံ့။ ။စုဏ္ဏာတောဆရသုံးသပ်ဆင်ခြင်ရာ၌။တကိုယ်လုံး၌ ဆမှုန့်တစ္ဆတ်သည်ပထဝီခေါတ်။ ဆရည်တစ္ဆတ်၏ ထက်ဝက်သည် ဆာပေါခေါတ်။ ထိုဆမှုန့်တစ္ဆတ်ကို ဆရည်စ္ဆတ်ဝက်ဖြင့် လုံးစုရာမပုပ်မသိုးရအောင် ပူနွေးစောင့်ရှောက်သောသဘော ရင့်ကျက်စေတတ်သောသဘောသည် တေဇောခေါတ်။ ၎င်းပထဝီ,ဆာပေါ,တေဇောတို့ကိုပြိုကွဲ၍ ဖရိုဖရဲမသွားရအောင်ကျားကန်သကဲ့သို့ ထောက်ကန်ဖိညှပ်သောသဘောသည် ဝါယောခေါတ်ဟုသုံးသပ်ခြင်းကြောင့်။ ခေါတုသည်ရာထင်၍ဥပစာရသမာဓိဖြစ်၏။

လက္ခဏာဒီတောဆရသုံးသပ်ဆင်ခြင်ရာ၌၊ ဆံပင်တချောင်းကိုဖြစ်စေ၊တကိုယ်လုံးကိုဖြစ်စေ၊ဆာရုံပြုစဆခါ ,ဆတုံးဆခဲထင်ရ၏။ထိုသို့ထင်ရသော ဆတုံးဆခဲ၌မာသောသဘော ဟူသမျှသည် ပထဝီခေါတ်၊ ဖွဲ့စည်းသောသဘောသည်ဆာပေါခေါတ်။ ပူနွေးရင့်ကျက်စေသောသဘောသည်တေဇောခေါတ်။ ထောက်ကန်ဖိညှပ်ခြင်းသဘောသည် ဝါယောခေါတ်ဟူ၍ လက္ခဏာ ဆသီးသီးကို ဉာဏ်ဖြင့် မှတ်၏။ ထိုဆခါ ပထဝီခေါတ်သည် ခက်မာခြင်း လက္ခဏာ၊ တည်ရာကိစ္စ၊ ခံလင့်သကဲ့သို့ ထင်ခြင်းစသောအားဖြင့် ဆခေါ်း ၅-၌ဆိုဆပ်ခဲ့ ပြီးသည့်ဆတိုင်း သုံးသပ်ခြင်းကြောင့် ခေါတုသည်ရာထင်၍ဥပစာရသမာဓိဖြစ်၏။

စဉ်းစား၍ကြည့်ကြစမ်း။ ဆာယပ်ကဲ့သို့ထင်ကြသနည်း။ လက္ခဏာဒီတောဆရသုံးသပ်ရာ၌၊ မာသောသဘော၊ ဖွဲ့စည်းသောသဘော၊ပူနွေးသောသဘော၊တွန်းကန်သောသဘောတို့ကို ဆာရုံပြု၍ဥပစာရသမာဓိဖြစ်ကြသောဆခါ။ ဉာဏ်ထဲ၌ ဆထည်ဝဏ္ဏ,ဆမှုန့်ဆမှိုက်ထင်ရဲ့လော။ ဆမှုန့်ဆမှိုက်ထင်နေသေး၏လော။ ထို

ဥပစာရ သမာဓိစိတ်သည် သဘာဝတရားကိုသာလျှင် ဆာရုံပြု သောကြောင့် ဆမ္ဘန့်ဆမ္ဘိုက်ဟုဥာဏ်ထဲ၌ မသင်လာလျှင်ပင်၊ ၎င်း ဓာတ်လေးပါးတို့၏အစုအဝဲသည် ပြစရာမရှိလောက်အောင်ပျော်ပျက်သွားရလိမ့်မည်မဟုတ်ပဗျာ၍မှတ်ကြံလေကုန်။

စုဏ္ဏတောအရ သုံးသပ်ရာ၌လည်း သဘာဝ၀ံဆာရုံ ထင်လာသောဆခါ၊ဥပစာရသမာဓိဖြစ်၍။ ထိုသဘာဝဆာရုံ၌ ဥာဏ်အားဖြင့် ဆမ္ဘန့်ဆမ္ဘိုက်ကိုဆာရုံမပြုသောကြောင့်။ ဆမ္ဘန့်ဆမ္ဘိုက်မထင်ဖြင်လာလျှင်ပင်၊ ၎င်းဓာတ်ကြီးလေးပါးတို့၏ ကလာပ်ဟုခေါ်ဆိပ်သောဆမ္ဘန့်သည်ပြစရာမရှိလောက်အောင်၊ ပျောက်ပျက်သွားရမည်ဟုမထင်နှတ်ကြကုန်လင့်။သို့ရာတွင် ထိုအယေယ်ဆုံးဖြစ်သော ပရမာဏုမြို့ဟုဆိုဆပ်သောကလာပ်တစည်းသည်လည်းသဏ္ဌာန်ပညတ်ရှိသောတရားလော၊အာဘယ်ကဲ့သို့သောဆခြင်းဆရာဆားဖြင့်သဏ္ဌာန်ရှိပါအုံ့နည်းဟုမေးဘွယ်ရှိခဲ့သော်၊ တည်ရာကိစ္စကိုပြုတတ်သောပထဝီဓာတ်သည်ဆာဘယ်ကဲ့သို့။ဆာဘယ်ပုံစံနည်းဆားဖြင့် တည်ရာကိစ္စကိုပြုလေသနည်း။ ထိုထိုသို့သော ဆခြင်းဆရာဆားဖြင့်သဏ္ဌာန်ပညတ်ဆပ်ဖို့ဟုဖြေကြလေ။

လက္ခဏာဒီးတောအရ သုံးသပ်ပုံကိုယုံကြည်သက်ဝင်
လောက်အောင်ပြဆင်ခြင်းပြီး၏။

၁၁—နာနတ္တေကတ္တာလောဘအရ-သုံးသပ်ပုံကိုယုံကြည်သက်ဝင်လောက်အောင်ပြဆိုခြင်း။

ဆလုံးရုံသောဓာတ်ကြီးလေးပါးတို့သည်၊ ဒိဒိ-ဒိဒိတို့၏ ဆသီးဆသီးသော သဘာဝလက္ခဏာဆားဖြင့်၊ တခုနှင့်တခုမတူကြဟု နှလုံး သွင်းခြင်းသည် နာနတ္တ,နည်းမည်၏။ ရုပ်ဟူသော ဆမည်, မဟာဘုတ် ဟူသောဆမည်, ဓာတ်ဟူသောဆမည်, ဓမ္မဟူသော ဆမည်။ ဆနိစ္စ,ဒုက္ခ,ဆနတ္တဆားဖြင့်ကား တူကြ၏ဟု နှလုံးသွင်းခြင်းသည် ဧကတ္တနည်းမည်၏။ (၎င်းသဘောတရားတခုသည်ပင်

ရှပ်လည်းမည်၏၊မဟာဘုတ်လည်းမည်၏၊ ဓာတ်ခမ္ဘာ-ဆနိစ္စ,ဒုက္ခ, အနတ္တတို့မည်ကုန်၏ဟူလို)။

ရင်းမဟာဘုတ်တို့၏ရှပ်စသည်မည်ကြောင်းကိုပြဆိုပေအုံ့။ ။ ဘောက်ပြန် ပျက်စီးတတ်သောကြောင့်ရှပ်မည်၏။ ကြီးစွာသော အထုအထယ်အားဖြင့် ထင်ရှားဖြစ်ခြင်းအစရှိသော ငါးပါးသော အကြောင်းတို့ကြောင့်မဟာဘုတ်မည်၏စသောအားဖြင့် အခဏား ၆-၌ပြဆိုအပ်ပြီ။မဟာဘုတ်မည်ကြောင်းကို အနည်းငယ်ချဲ့လိုက်ဦးအုံ့။ ။မဟာဘုတ်မည်ခြင်း၏အကြောင်းငါးပါးတို့တွင်။မဟန္တ ပါတုဘာဝတော, ဟူသောပါဠိဖြင့်၊ ကြီးစွာသော အထုအထယ် အားဖြင့် ထင်ရှားဖြစ်ကြောင်းကို ပြတော်မူအပ်၏။ ကြီးစွာသော အထုအထယ်အားဖြင့် ထင်ရှားဖြစ်သော မဟာဘုတ်ကို၊ တာဒန် မဟာဘူဘာသာမညတော,ဟူသောပါဠိဖြင့်။ထိုကြီးစွာသောအထု အထယ်အားဖြင့် ထင်ရှားဖြစ်ခြင်းသည်လည်းမဟုတ်သည်ကို အ ဟုတ်ထင်ဆောင် လိမ်လည်လှည့်ဖြားမှု ပြုခြင်းမျှသာဖြစ်၏ဟု ပြ တော်မူအပ်၏။ ငါးပါးသောအကြောင်းတို့တွင် ဤအကြောင်းနှစ် ချက်ကိုရှင်းလင်းစွာသိရန်လိုရင်းဖြစ်၍၊ ဤနှစ်ချက်ကိုသိနိုင်လျှင် နောက်သုံးချက်ကို ရှင်းလင်းပြသသောအခါ၊ ကောင်းမွန်စွာနား လည်နိုင်ရာ၏။ ထိုကြောင့်ဤအကြောင်းနှစ်ချက်ကိုသာ ကောင်း မွန်စွာရှင်း၍ပြပေအုံ့။ ။ထိုအကြောင်းနှစ်ပါးတို့၏အကျဉ်းအား ဖြင့်အဓိပ္ပါယ်သော်ကား။ မဟန္တပါတုဘာဝတော,ဟူသော ပဌမ ပါဠိဖြင့်၊ လေးပါးသော မဟာဘုတ်တို့၏ အရုအဝေးကို အထုအ ထယ်သဏ္ဌာန်ဒြပ်နှင့်တကွဖြစ်ကြောင်း။ကံကြောင့်မဖြစ်သော အ နုပါဒိဏ္ဏကသဏ္ဌာန်၌၊ မြေကြီးကို ယူဇနာပေါင်း နှစ်သိန်း,လေး သောင်းအထိရှိကြောင်း။လောကဓာတ်တခုကိုတသန့်း,နှစ်သိန်း, သုံးသောင်,လေးရာ,ငါးဆယ်ယူဇနာပေါင်းအဝန်းကျယ်ကြောင်း အားဖြင့် အထုအထယ် သဏ္ဌာန်ဒြပ်နှင့်တကွ ပြတော်မူအပ်၏။ ကံကြောင့်ဖြစ်သော ဥပါဒိဏ္ဏကသဏ္ဌာန်၌ကား၊ ဘုရားရှင်သည် ဟောတော်မူအပ်သော အဂ်ုတ္တိရ်ပါဠိတော်၌ လာသော၊ သန္ဓိ

ဘိက္ခဝေ မဟာသမုဒ္ဒေ ယောဇနေ သတိကာဝိအတ္တဘावဝါ,အစ
ရှိသောပါဠိတော်ကိုအားကိုးပြု၍ မဟာသမုဒ္ဒရာဌ် ယူဇနာတရာ
မျှကြီးသော ငါးသတ္တဝါတို့ကို အထည်ဖြစ်သဏ္ဌာန်နှင့်တကွ ပြ
တော်မူအပ်၏။(အခကား ၆-မျာပြန်ကြည့်လေ)။

မဟာဘုတ သာမညတော, ဟူသော ဒုတိယပါဌ်ဖြင့် တာဘန်
အထုအထယ် သဏ္ဌာန်ဖြစ်သည် အမှန်မဟုတ်။ မဟုတ်သည်ကို
အဟုတ်ထင်အောင် လိမ်လည်လှည့်ဖြား၍ ပြုခြင်းမျှသာဖြစ်၏ဟု
ဝိနိုတော်မူပြန်၏။ အလွန် ခက်ခဲနက်နဲ မြင်နိုင်ခဲသော ထက်မြက်
လျင်လျားသော ပညာရှိသော တိက္ခပညာပုဂ္ဂိုလ်၏ အရာမျှသာ
ဖြစ်သော ဤအဘိဓမ္မာ နည်းအားဖြင့် သုံးသပ် အပ်သော မဟာ
ဘုတ်သဘောဌာနမသို့ မလိမ်မာကြကုန်သော ဆချိုသော ပုဂ္ဂိုလ်တို့
သည်၊ ဤအဌကထာဆရာ၏ မဟာနှုန် ပါတုဘာဝတော, ဟူသော
ရှေ့စကား သည် မဟာဘုတ သာမညတော, ဟူသော နောက်
စကားနှင့် မညီမညွတ်ဖြစ်၏။အကယ်၍ မဟာဘုတ်တို့ကို အထု
အထယ် သဏ္ဌာန် ဒြဗျအားဖြင့် ပြလိုသဖြင့်၊ မဟာနှုန် ပါတု ဘာဝ
တော, ဟူသောပါဌ်ကို ရေးသား ငြားအုံ့။ မဟုတ် သည်ကို အ
ဟုတ်ထင်အောင် ပြတတ်၏ ဟူသော အဓိပ္ပါယ်ရှိသော မဟာဘု
တသာမညတော,ဟူသောပါဌ်ကိုမရေးသင့်ရာပြီ။ ။အကယ်၍
မဟုတ်သည်ကို အဟုတ် ထင်အောင် ပြတတ်၏ဟု ပြလိုသဖြင့်။
မဟာဘုတ သာမညတော, ဟူသော ပါဌ်ကို ရေးသား ငြားအုံ့။
မဟာဘုတ်တို့သည် အထုအထယ် သဏ္ဌာန်ဒြဗျ အားဖြင့် ဖြစ်၏
ဟူသော အဓိပ္ပါယ်ရှိသော မဟာနှုန် ပါတု ဘာဝတော, ဟူသော
ပါဌ်ကို မရေးသင့်ရာပြီ။ ထိုကြောင့် ၎င်း ဝိသုဒ္ဓိမဂ် အဌကထာ
ဆရာမြတ်၏စကားသည် ရှေ့နှင့်နောက်မညီ၊ ပမာဒလေခဖြစ်၏။
ထိုစကားသည် စင်စစ်စွန့်အပ်သောစကားသာ ဖြစ်လေရာ၏ဟု၊
၎င်းဆရာမြတ်အားစွပ်စွဲပြောဆိုဝိုလေရာ၏။မစွပ်စွဲမပြောဆိုအပ်။
ဤအဌကထာဆရာမြတ် ဝိနိုဆိုအပ်သောရှေ့စကားသည် နောက်
စကားနှင့် အဘယ်ကြောင့် မတူရလေသနည်း၊ အကြောင်းထူးရှိ

လေရာ၏။ ၎င်းဆကြောင်းထူးကားဆာယ်နည်းဟု ဉာဏ်ထွက်ဆောင်ဆထူးကြီးညည်စဉ်းစားကြကုန်ရာ၏။

စင်စစ်သော်ကား၊မဟာဘုတ်တို့သည်ဆထုဆထယ်သဏ္ဌာန်ဖြစ်ဆားဖြင့်ထင်ရှားရှိ၏ဆိုသောစကားသည်လည်းမှန်၏။ ၎င်းဆထုဆထယ်သဏ္ဌာန်ဖြစ်သည်လိမ်လည်လှည့်ဖြားမှု၊ မဟုတ်သည်ကိုဆဟုတ်ထင်ဆောင်ပြသောတရားမျှသာဖြစ်၏ဟူသောစကားသည်လည်းမှန်၏။၎င်းဆရာမြတ်သည် ဆမျှားကိုမဆိုတန်လေရာ၊ ဆမှန်ကိုဆိုသည်သာဖြစ်လေရာ၏။ ၎င်းဆဌကထာ ဆရာမြတ်၏စကားတော်ကိုမိမိတို့ကသာ-ဉာဏ်လှမ်းမမှီနိုင်၊ မလိုက်မှီနိုင်ဖြစ်နေခြင်းမျှသာဖြစ်၏ဟုယုံကြည်ခြင်းဖြစ်ကုန်ရာ၏။ ဉာဏ်မလိုက်မှီနိုင်ပုံကို ဥပမာဆိုဦးအုံ့။ ။ဤလောကဌ ဂဏန်းသင်္ချာ ဆတတ်တာဘက်ကမ်းခပ် မြောက်သော ဆရာကြီး တဦးသည်၊ ဂဏန်းသင်္ချာစာအုပ်ပုံရိုက်ထုတ်၍ရောင်းစား၏။ထိုစာအုပ်ဌကား၊ဆမေးပုဆ္ဆာတချက်၊ တွက်နည်းမပါဘဲ မှန်ကန်သောချာသော ဆပြေတချက်စီဆားဖြင့်ရှိလေရာ၏။ထိုဆခါမလိမ္မာသောဆတန်းပြဆရာတဦးက၊မိမိ၏တပည့်တို့ဆား၎င်းစာအုပ်ထဲမှ ဂဏန်းသင်္ချာတွက်ရန်ပုဆ္ဆာတခုမေးလေရာ၏။ ၎င်းဆတန်းပြစာသင်ဆရာသည် စာအုပ်ထုတ်ဆရာကြီး၏ပုဆ္ဆာသဘောကိုမရိပ်မိဘဲ၊ မိမိကထင်မြင်သည့်ဆတိုင်းသာ တွက်မိသွက်ရာတွက်ချင့်ကြည့်သောဆခါ၊ ၎င်းစာအုပ်၏ဆပြေနှင့်တူစွာမတွက်ဖြစ်လေရာ၏။ ထိုဆခါဆတန်းပြစာသင်ဆရာက၊တပည့်တို့ဆား ဤစာအုပ်ထုတ်ဆရာကြီး၏ ဆပြေသည်မှားဟု။ငါ၏တွက်နည်းနှင့်တူစွာသာလျှင် ဆပြေထုတ်ကြလေကုန်ဟုဆိုလေသကဲ့သို့ ထိုဥပမာနှင့်တူစွာ မဆိုဝံ့ကြကုန်ဘဲ။ ဤရုဏ္ဏာတော ဟူသောပုဒ်ကို ဆဌကထာ ဆရာ မြတ်သည် ဆကြောင်းဆားလျှော်စွာ ပိန့်ဆိုတော် မူလေ၏ဟု။ ၎င်းဆဌကထာ ဆရာမြတ်၏ ဉာဏ်ကို ယုံကြည်လေးမြတ်ခြင်းကို ပြုလျက်၎င်း။ ၎င်းဆဌကထာကျမ်းကြီးကိုရှေးရဟန္တာဆရှင်မြတ်တို့ကဆရေးခိုင်းပြီးလျှင်၊ ထိုကျမ်းကို၎င်းရဟန္တာဆရှင်မြတ်တို့က ခွင့်ပြုတော်

မှုဆပ်ခဲ့သည်ကိုရင်း၊ ထောက်ထားညှာတာလျက်၊ ဦးဦးတို့ကသာ ဥာဏ်ထွက်ဆောင် အထူးကြီစည် စဉ်းစားလိုက်ကြ ကုန်လေ့။ နောက်ဆုံးအခက်း ၁၇-မှာဆရှင်မဟာဗုဒ္ဓဃောသာ၏အထူးပုတ္တိ ကိုရေးရမည်။

ရှင်းလင်း၍ ပြပေအုံ့။ ။မဟာန္တ ပါတုဘာဝတော,အရ ကြီး စွာသောအထုအထယ်အားဖြင့်ထင်ရှားဖြစ်သော်လည်း။မဟာဘူ တာသာမည်တော,အရထိုကြီးစွာသောအထုအထယ်သည်အစိမ်း တရွှေ့ပြောဘုတ်ဘီးလူးတို့ကဲ့သို့ရင်း၊ မျက်လှည့်သွားတို့ကဲ့သို့ရင်း၊ လိမ်လည်လှည့်ဖြား၍ပြုခြင်းမျှသာဖြစ်၏ဟုဆိုရာ၌အထူးစဉ်းစား စရာရှိ၏။မဟာန္တပါတုဘာဝတောကိုဝိသုဒ္ဓိမဂ်စာမျက်နှာ ၃၀၉-၌ အနုပါဒိဏ္ဏာသန္တာနေဝိ ဥပါဒိဏ္ဏာသန္တာနေဝိမဟာန္တာနိ ပါတုဘူတာနိ မဟာဘူတာနိ,ဟု-ဝိဂြိဟ်ပြု၏။ ။(အနက်)။ ။အနုပါဒိဏ္ဏ သန္တာနေဝိ၊ကံကြောင့်မဖြစ်သောသန္တာန်၌ရင်း။ဥပါဒိဏ္ဏာသန္တာနေ ဝိ၊ကံကြောင့်ဖြစ်သော သန္တာန်၌ရင်း။ မဟာန္တာနိ၊ ကြီးကုန်သော။ ပါတုဘူတာနိ၊ထင်ရှားဖြစ်ကုန်သည်တို့။ ဣတိ၊ထိုကြောင့်။ မဟာ ဘူတာနိ၊ မဟာဘုတ်တို့မည်ကုန်၏။ ။မဟာဘူတာနိ၊ ဥပါဒိဏ္ဏ သန္တာန်၌ရင်း၊အနုပါဒိဏ္ဏသ န္တာန်၌ရင်းကြီးကုန်သော ထင်ရှားဖြစ် ကုန်သောတရားတို့။(အထုအထယ်အားဖြင့်ရ၏)။

မဟာဘူတသာမညတောကိုစာမျက်နှာ ၃၁၀-၌။ ။မာယာ ကာရ မဟာဘူတသာမညတော မဟာဘူတာနိ။(တချက်)။ ။ ယက္ခာနိမဟာဘူတသာမညတောဝိမဟာဘူတာနိ။(တချက်)။ ။ ယက္ခိနီမဟာဘူတသာမညတောဝိမဟာဘူတာနိ။(တချက်)အား ဖြင့်သုံးချက်လာ၏။

(ပဌမအနုက်ကား)။ ။မာယာကာရ မဟာဘူတသာမည တော၊မျက်လှည့်သွားတို့သည်မဟုတ်သည်ကိုအဟုတ်ထင်အောင် ပြုတတ်သည်နှင့်တူသည်။ဣတိ၊ထိုကြောင့်။ မဟာဘူတာနိ၊မဟာ

ဘုတ်တို့မည်ကုန်၏။ ။မဟာဘုတာနိ၊ မျက်လှည့် သွားတို့သည် ရှေမဟုတ်သော ကျောက်ခဲကို ရှေထင်ဆောင် ပြုတတ်သကဲ့သို့၊ မဟာဘုတ်တို့သည် ဝိဝိကိုယ်က အပြို့, အနီစသည် မဟုတ်ဘဲ လျက်၊ဝိဝိကိုစွဲမှီ၍ဖြစ်သော အပြို့,အနီစသော အဆင်းတို့ကို ပြုတတ်သောမဟာဘုတ်တို့။

(ဒုတိယ အနက်ကား)။ ။ယဂ္ဂါနိ မဟာ ဘုတ သာမညတောပိ၊ဘိုးလူးစသောဘုတ်ကြီးနှင့်တူသောကြောင့်လည်း။မဟာဘုတာနိ၊မဟာဘုတ်တို့မည်ကုန်၏။ မဟာဘူတာနိ၊ဘိလူးတို့သည် လူကိုပူးဝင်သောအခါ။ အတွင်းဌိလည်းမရအပ်၊ ပြင်ကလည်းမရအပ်၊မမှီမှု၍လည်းမပူးဝင်သကဲ့သို့။ ထိုအတူ ယထာဝိစသောမဟာဘုတ်တို့သည် မည်သည့်ဓာတ်က အတွင်း,အပြင်ဟူ၍ မရအပ်။ အချင်းချင်း မှီ၍လည်း တည်ကြကုန်သောကြောင့် မည်ကဲ့သို့ပြု၍ တည်ကြသည်ဟူ၍အစိုင်ရှေ့ယျ၏အရာဖြစ်သောမဟာဘုတ်တို့။

(တတိယ အနက်ကား)။ ။ယဂ္ဂိနိ မဟာဘူတ သာမညတောပိ၊ ဘိလူးမ တည်းဟူသော ဘုတ်ကြီးနှင့် တူသောကြောင့်လည်း။ မဟာဘူတာနိ၊ မဟာဘုတ် တို့မည်ကုန်၏။ ။မဟာဘူတာနိ၊ ဘိလူးမတို့သည် မနှစ်လိုဘွယ် ကြောက်မက်ဘွယ် စက်ဆုတ်ဘွယ်သောအဆင်းပုံသဏ္ဌာန်တို့ကိုဖုံးလွှမ်း၍ နှစ်လိုဘွယ် တင့်တယ်လှပသော အဆင်းပုံ သဏ္ဌာန်တို့ဖြင့် ပစ်လွှတ်လျက်။ သတ္တဝါ အပေါင်းတို့ကို လှည့်ပတ် ကုန်သကဲ့သို့။ ထိုအတူ မဟာဘုတ်လေးပါးတို့သည်။ဝိဝိတို့၏ကကၽွဋ္ဌလက္ခဏာ, အာဝဇ္ဇနလက္ခဏာ, ဥဏ္ဏတ္တလက္ခဏာ, ဝိဋ္ဌမ္ဘနလက္ခဏာတို့ကို ဖုံးလွှမ်း၍။ ပိန်းမ၏ကိုယ် ယောကျ်း၏ကိုယ် အစရှိသည်တို့၌။ နှစ်လိုဘွယ်သော အရေပါးအဆင်း။ နှစ်လိုဘွယ်သော ကိုယ်အင်္ဂါကြီးငယ်တို့၏ပုံသဏ္ဌာန်။နှစ်လိုဘွယ်သော လက်ချောင်း ခြေချောင်းမျက်ခုံးတို့ဖြင့်ပစ်လွှတ်လျက်။ ဝိဝိ၏ကကၽွဋ္ဌစသောသဘောကိုမြင်ခြင်း ဌါမပေးမူ၍၊ သတ္တဝါ အပေါင်းကို လှည့်ပတ်တတ်သော မဟာ

ဘုတ်တို့။ (မဟာနန္ဒပါတုဘာဝတောအရပြဲဆိုအပ်သော အထုအထယ်သည်။အမှန်မရှုမဟုတ်ဟူလို)။

ပြဲဆိုအပ်ခဲ့ပြီးသောမဟာဘုတ်မည်ခြင်း၏ အကြောင်းနှစ်ရပ်တို့ကို သိသာစေအပ်ပြီ။ သဘောဥာဏ် သက်ဝင်ရန် သာလိုနေတော့၏။ မဟာဘုတ် လေးပါးခို အသိဥာဏ် မဖြစ်ပွါးရအောင်ငြိုတွယ်နေခြင်းသည်ကား၌ကြီးနှစ်ချက်ပင်တည်း။ ။ရှင်းလင်းလိုက်ဦးအုံ့။ ။ဥပမာအားဖြင့်၊ဘိလူးမတယောက်သည် တင့်တယ်လှပသောလူမဏ္ဍိအသွင်အပြင်ဖြင့် ဘန်ဆင်းလျက်။ လူ.ပြည်သို့လာလတ်၏။ထိုအခါမြင်ကြကုန်သောလူအပေါင်းတို့က ဘိလူးမဟူ၍ မသိကြ၊လှပတင့်တယ်ရှုချင်ဖွယ်သောလူမိန်းမပင်ဖြစ်၏ဟု ထင်မှတ်ကြကုန်၏။သို့ရာဘွင်ထိုဘိလူးမသည်မိမိကမိမိ၏ မူလဇာတိကိုမမြင်ရအောင်ဘယ်လိုပင်ဖုံးလွှမ်း၍ပြီသော်လည်း။ (၁) နေပူပြင်ဦးအရိပ်မထွက်ခြင်း တည်းဟူသော မိမိ၏ဇာတိ။ (၂) မျက်ထောင့်နီခြင်းတည်းဟူသော မိမိ၏ဇာတိ။(၃) ကြမ်းကြုတ်သော မျက်နှာ အမူအရာရှိခြင်း တည်းဟူသော မိမိ၏ဇာတိ။(၄) အိပ်ပျော်၍ သတိလွတ်နေသောအခါ ဘိလူး၏ကိုယ် ထင်ရှားဖြစ်ပေါ်နေရသောမိမိ၏ဇာတိ။ ။ဤလေးပါးသောမိမိ၏ဇာတိ-ဘိလူးမဟုမှတ်ကြောင်းလက္ခဏာတို့ကိုမူကား အဘယ်အခါမှ မဖုံးလွှမ်းနိုင်။ထိုကဲ့သို့လှပတင့်တယ်ရှုချင်ဖွယ်သော အဆင်းအဂါ၀ါတို့ဖြင့် ဖုံးလွှမ်းလျက်လာသောထိုဘိလူးမကို။ ပညာမျက်စိအမြင်မရှိကြကုန်သောလူအပေါင်းတို့က။ လှပတင့်တယ် ရှုချင်ဖွယ်ကောင်းသောလူမိန်းမဟုထင်မှတ်ကြသော်လည်း။ ပညာမျက်စိ အမြင်ရှိကြကုန်သောလူအပေါင်းတို့ကမူကား၊ထိုသူသည် လူမိန်းမအစစ်။ အမှန်ဖြစ်လေ၏လောဟု ဉာဏ်ဖြင့် စူးစမ်း၍ ကြည့်ရှုလိုက်သောအခါ။ယခင်က ဆိုအပ်ခဲ့ပြီးသော-ဘိလူးမဟု မှတ်ကြောင်းလက္ခဏာတို့ကို။ ထင်ရှားပိုင်ပိုင် သိမြင်နိုင်သောကြောင့်။ ဤသူသည် ကားလူမိန်းမအစစ်-ကောနမဖြစ်လေ။ဘိလူးမပင်တည်းဟု ဆုံးဖြတ်ချက်ချလျက်။ ဘယ်လောက်ပင် အဆင်းသဏ္ဌာန်ဟန်ပန်အမူအ

ရာ အဝေတ္ထ ကောင်းတို့ဖြင့်။ ဖြားယောင်းလေ ငြားသော်လည်း။ မကြို့ကာ် နှစ်သက်ဝံ့ဘဲ။ ထွက်ပြေး တိမ်ခြောင်၍သာ သွားရလေ ရာ၏။

ဤဥပမာနှင့်တူစွာ၊ မဟာဘုတ်လေးပါးတို့သည် ဖိဖိကိုယ်က ဆလုံးဆဝန်း ဆရှည်ဆတို လေးထောင့် ခြောက်မြောင့် စသည် မဟုတ်ဘဲလျက်၊မလိမ္မာသူ လူဆပေါင်းတို့ဆား ဆလုံးဆဝန်းဆ ရှည်ဆတိုလေးထောင့်ခြောက်မြောင့်စသည်ထင်ဆောင် ဖုံးလွှမ်း၍ပြတတ်၏။ဖိဖိ၏ ကာကွယ် ဆာဗန္ဓနဉ ဥဏ္ဍတ္တ ဝိတ္ထဝ်နှင့် လက္ခဏာ တို့ကိုမြင်ခြင်းငှါ မပေးကြကုန်။ထိုဆခါ ပညာမျက်စိဆမြင်မရှိကြ ကုန်သော လူဆပေါင်းတို့က။ ဆလုံး ဆဝန်း ဆရှည်ဆတို လေး ထောင့်ခြောက်မြောင့်စသည်ထင်မှတ်ကြသော်လည်း။ပညာမျက် စိဆမြင်ရှိကြကုန်သော လူဆပေါင်းတို့ကမူကား။ ထိုဝတ္ထု သည် ဆလုံးဆဝန်း ဆရှည်ဆတို လေးထောင့် ခြောက်မြောင့်စသည်မ ဟုတ်။ ပထဝီဝသော ဓာတ်တို့သည်သာလျှင်တည်းဟု ဆုံးဖြတ်ချ လျက်။ထိုမဟာဘုတ်တို့သည် ဘယ်လောက်ပင် ဆလုံးဆဝန်းဆ ရှည်ဆတို၊လေးထောင့်ခြောက်မြောင့် ရေပြင် မြေပြင်တောင်ကြီး ကမ်းကြီးစသောဆား ဖြင့်။ ဘန်ဆင်း၍ ပြသော်သည်း။ ထိုမဟာ ဘုတ်တို့ကိုဆလုံးဆဝန်း ဆရှည်ဆတို စသော သဏ္ဌာန်ဖြစ်ရှိ၏ ဟူ၍မယူကြကုန်ပြီ။ (ဤကား မဟာဘူတ သာမညတော ပုဒ်၏ ဆဒိပ္ပါယ်ဆရ-ယူပုံ)။

မဟာန္တပါတုဘာဝတောပုဒ်၏ ဆဒိပ္ပါယ်ဆရမှာကား။ မဟာ ဘုတ်တို့ကိုဥပါဒိဏ္ဏက- ဆနုပါဒိဏ္ဏက တို့ဆားလျှော်စွာ ယူဇနာ ဆတိုင်းဆထွာနှင့်တကွ ပြတော်မူပြန်၏။ ထိုဆခါစဉ်းစားဉာဏ် ဖြစ်ရန်မှာ၊ ။ထိုဘီလူးမသည် လူမိန်းမဆသွင် ဘန်ဆင်းရာ၌။ ၎င်းဘီလူးမ၏ ခန္ဓာကိုယ်ကို ဘီလူး၏ပြည်၌ ချန်ထားခဲ့ပြီး၍။ လူမိန်းမဆသွင်ဘန်ဆင်းလျက်ပြသည်ကားမဟုတ်။၎င်းဘီလူးမ၏ ဓာတိ ခန္ဓာကိုယ်ကိုပင်။ လူမိန်းမ ဆသွင်ဘန်ဆင်း၍ ပြခြင်းပင် ဖြစ်၏။ဘယ်ပုံဘယ်နည်းနှင့် ဘီလူးမ၏ခန္ဓာကိုယ်ကို။ လူမိန်းမဟု

ထင်မြင်ဆောင် ပြုလေသနည်းဟု ဆစဉ်းစားရမခက်ကြပါလော။ လူပိန်းမဆသွင်ဘန်ဆင်းသော့ဆခါ။ ဘိလူးမ၏ခန္ဓာကိုယ်- ပျော့သွားလေသလော။ သို့တည်းမဟုတ်မပျောက်လေလော။ ကြီးကြစမ်းပါ။ဆကြီးရခက်သောကြောင့် ဆစိန္တေယျ၏ ဆရာ၌ ဆဌကထာဆရာမြတ်တို့ထားတော်မူကြကုန်ပြီ။ မဟာဘုတ်တို့သည် ထိုမျှလောက် ဆကြီးရခက်၏။ သို့ရာတွင် ဘိလူးမ၏ ခန္ဓာကိုယ်ကို လူမဆသွင်ထင်မြင်ဆောင်ပြု၏ဟုဆိုလျှင်ပင်နားလည် သင့်ကြရာပြီ။ ဘယ်ပုံဘယ်နည်းနှင့် ဘန်ဆင်း လေသံနည်းဟု ဘန်ဆင်း၍ မကြည့်ကြလေနှင့်။ဆစိန္တေယျ၏ဆရာကိုကြီလျှင် ဥမ္မာဒဿဘာဂ ဂိဟောတိ-ရှုး၏ဟူ၍ ကျမ်းဂန်တို့ဖွဲ့လာ၏။ ။ထိုကြောင့်ဤဏာ ထဲ့ဖွဲ့ပေါ် လာရမည်မှာ။ကြော်-ဘိလူးမ၏ခန္ဓာကိုယ်သည်ထင်ရှား ရှိ၏။မရှိသောဆဘာဝမျိုးမဟုတ်။ ထိုဘိလူးမသည်တခါတရံ လူပိန်းမဆသွင်ဘန်ဆင်း၏။ဘခါတရံကဲ့နှားဆသွင်။ တခါတရံဆင်ခြင်းဆသွင်။ တခါတရံ ခွေးဝက်ဆသွင်။ တခါတရံကြက်ဌက်ဆသွင်စသောဆားဖြင့်ဆမျိုးမျိုးဘန်ဆင်း၍ပြု၏။ထိုဆခါ ထိုဘိလူးမ၏ခန္ဓာကိုယ်သည်ပင် လူ ကဲ့ နှား ဆင်ခြင်းခွေးဝက်ကြက်ဌက်စသောဆားဖြင့်ပြောင်းလဲ၍။ ဆမျိုးမျိုးဆဖုံဖုံခြင်ဆောင်လူဆများကို ပြုတတ်သောသဘောရှိသဖြင့်။ဘိလူးမ၏ ခန္ဓာကိုယ်က တခြားဘန်ဆင်း၍ပြုဆပ်သော လူဆင်ခြင်းကဲ့နှားခွေးဝက် ကြက်ဌက်စသောခန္ဓာကိုယ်ကတခြားမဟုတ်ဟုထင်ရှားသိခြင်လေရာ၏။

ထိုဥပမာနှင့်တူစွာ၊ မဟာဘုတ် လေးပါးတို့သည်လည်း ထင်ရှားရှိ၏။ဆဘာဝမျိုးမဟုတ်။ ထိုမဟာဘုတ် လေးပါးတို့သည်တခါတရံလုံးသောဆခြင်းဆရာဆားဖြင့်။ တခါတရံဝန်းသောဆခြင်းဆရာ။တခါတရံဆရှည်- တခါတရံဆတို။ တခါတရံလေးထောင့်။ တခါတရံခြောက်ခြောင့်စသော ဆခြင်းဆရာဆားဖြင့်။ ဒိဒိတို့၏ ဆခြင်းဆရာ ဆားလျှင်စွာ ရုဝေးဝိကြ သောဆခါ။ မလိမ္ပာသူ လူဆပေါင်းတို့က။ဆချိုသောရုပ်ပရမတ်သည်ဆလုံးဆဝန်း။ ဆချိုသောရုပ်ပရမတ်သည်ဆရှည်၊ဆချိုသော ရုပ်ပရမတ်သည်ဆတို။

အချို့သောရှာပရမတ်သည်လေးထောင့်။အချို့သောပရမတ်သည် ခြောက်မြောင့်စသည် ထင်မှတ်ပြီးလျှင်။ ဝါးဟုခေါ် အပ်သောရှာပ ပရမတ်သည် အရှည်ဖြစ်၏။ အလုံးဖြစ်၏။ သစ်ရွက်ဟု ခေါ်အပ် ,သောပရမတ်သည် အဘိုဖြစ်၏။ အပြားဖြစ်၏။ အဝန်းဖြစ်၏။ စ သောအားဖြင့်ထင်မှတ်ကြသော်လည်း။ သဗ္ဗညုတဉာဏ်ပညာတော်မှ အသိုး အခြားလွတ်မနေဘဲသာ မကွဲမကွာ အတူဖြစ်ကြကုန်သော မဟာ ဘုတ်တို့မည်သည်မှာအဆိုပင် တည်းဟူ၍လည်း မချဆတ်ဆတ် မရအပ်။ အရှည်ပင်တည်းဟူ၍လည်း မချဆတ်ဆတ်မဟုတ်။အ လုံးပင်ဘည်းဟူ၍လည်း။အဝန်းအပြားပင်တည်းဟူ၍လည်းလေး ထောင့်ပင်တည်း ဟူ၍လည်း။ ခြောက်မြောင့် စသည်ပင်တည်း ဟူ၍လည်း မချ ဆတ်ဆတ် မရအပ်ကြကုန်။ ဘိလူးမ တည်းဟူ သောဘုတ်ကြီးနှင့်တူလေပြီ။စဉ်းစားကြရာ။

ဆိုဦးအုံ့၊ ဘိလူးမသည် မချဆတ်ဆတ်အားဖြင့် ဘိလူးမပင် ဖြစ်၏။သို့ရာတွင် လိမ်လည်လှည့်ပတ်၍ ပြသောအခါ၌ မှုကား။ လူဆင်မြင်းကျွန်းခွေးဝက်ကြက်ဌက်စသည်ထင်ရောင် အထူး ထူးအထွေထွေဘန်ဆင်း၍ပြ၏။ ထိုအတူ မဟာဘုတ်လေးပါးတို့ သည် မချဆတ်ဆတ် အားဖြင့်။ ခက်မာသော သဘော- ဖွဲ့စည်း သောသဘော-ပူနွေးသောသဘော တွန်းကန်ဖိညှပ်သောသဘော အသီးအသီး တို့သာလျှင် ဖြစ်ကုန်၏။ သို့ရာတွင် ထိုအသီးအသီး သောသဘောတို့သည်မရုမပေါင်းဘဲ။ အသီးအခြားစီဘခါတရံမျှ မရှိမနေကြကုန်။ အစဉ်ထာဝရရုပေါင်း၍ ဖြစ်မြဲမှတာသဘော သာလျှင်ဖြစ်ကုန်၏။ (ဤစကားခို အသီးအသီးသော သဘောတို့ သည်ဟူ၍ဆိုသောအခါ၊ပရမတ်ကိုဆိုသောစကားဖြစ်၏။ ထိုပရ မတ်သည်လည်း ရုပေါင်း၍သာလျှင် ဖြစ်မြဲဖြစ်သောကြောင့်။ မရု ပေါင်းဘဲ အသီးအခြားစီ မရှိမနေဟု ဆိုသောအခါ။ ရုပေါင်းပုံအ ခြင်းအရာကိုပြသောပညတ်စကားဖြစ်၏။ထိုကြောင့် ၎င်းစကားခို ပရမတ်စကား-ပညတ်စကား နှစ်ပါးစလုံးပါဝင်နေသည်ဟုသိကြ လေ)ထိုကဲ့သို့ရုပေါင်း၍ဖြစ်ကြသောအခါခို့မှုကား။ အထုံးအဝန်း

အရှည်အတိုလေးထောင့်ခြောက်မြောင့်စသော အထည်သဏ္ဌာန် ဒြဗိသင်္ခေါ။ အထူးထူးအထွေထွေဘန်းဆင်းပြုလေ၏။

ထိုဘန်ဆင်း၍ပြုတတ်သောဘီလူးမသည်။ လူဆင်ဖြင်းကျွန်းခွေးဝက်ကြောက်ဌက် စသည်ထင်ရှောင်။ အထူးထူး အထွေထွေ ဘယ်လိုပင်ဘန်ဆင်း၍ ပြုလေကြောင်းသော်လည်း။ မူလဇာတိကိုယ်ကမူကား။ ဘီလူးမသာဖြစ်လေသကဲ့သို့။ ထိုအတူသာလျှင် မဟာဘုတ်လေးပါးတို့ သည်လည်း။ အလုံးအဝန်း အရှည် အတို လေးထောင့်ခြောက်မြောင့်စသော အထည် သဏ္ဌာန်ဒြဗိ ထင်ရှောင်။ အထူးထူးအထွေထွေ ပြုလေကြောင်းသော်လည်း။ မူလဇာတိကိုယ်ကမူကားပထဝီစသော လေးပါးသော မဟာဘုတ် တို့သည်သာ လျှင်ဖြစ်ကုန်၏။ ဘီလူးမ၏ ခန္ဓာကိုယ်က တခြား။ ဘန်ဆင်းအပ်သော လူဆင်ဖြင်းစသော ခန္ဓာကိုယ်ကတခြား မဟုတ်သကဲ့သို့။ မဟာဘုတ်လေးပါးကတခြား။ အလုံးအဝန်း အရှည် အတို လေးထောင့်ခြောက်မြောင့်စသောသဏ္ဌာန်ကတခြားမဟုတ်ရာ။ မဟာဘူတသာမည်တောအရအဋ္ဌကထာ ဆရာမြတ်၏ စကားတော်ကိုထောက်ထားကြ။ ထိုအခါ အကုအထယ် သဏ္ဌာန်ဒြဗိ ပညတ်သည် မဟာဘုတ်ပရမတ်မှ အသီးအခြား လွတ်တွက် မနေဘဲ၊ မဟာဘုတ် လေးပါးတို့ စုဝေးတိုင်း အခါခပ်သိမ်း အထုအထယ် သဏ္ဌာန်ဒြဗိပညတ် အခြင်းအရာ အားဖြင့် သာလျှင်စုဝေး၍ဖြစ်ကြောင်း၊ ပညတ်သည် ပရမတ်မှ လွတ်တွက်၍ မနေ ကြောင်း၊ ပညတ်နှင့် ပရမတ်သည် မကင်းရာ မကင်းကြောင်းမျှားကို ရှင်းလင်းစွာသိသာနားလည်လာကြပေတော့လတ္တံ့။

ထင်ရှားရှင်းလင်းစွာသိစေခြင်းအံ့။ ။လောကမ္ဘု သောက်ချိုးသုံးဆောင်နေကြဖြစ်သောရေသည်ရှိ၏။ ထိုရေဟူသော အမည်သည် နာမပညတ်ဖြစ်၏။ ရေဟုအခေါ်ဝေါ်ခံရသော တရားသည် ပထဝီဓာတ်စသော အသီးသီးသော ဓာတ်တို့က အသီးအခြားစီ မဟုတ်ကုန်ဘဲ၊ တပေါင်းတည်းဖြစ်ကြသောကြောင့်၊ ထိုပထဝီစသောဓာတ်တို့၏အပေါင်းသည်၊ သမူဟပညတ်ဖြစ်၏။ (အာယ်

ကြောင့်ဆိုသော်ပထဝီဓာတ်သည်ရေမဟုတ်၊ အာပေါ,တေဇော, ဝါယော အသီးသီးသောဓာတ်တို့သည်လည်း ရေမဟုတ်ကြကုန်။ ဓာတ်တို့၏ အရုဏပေါင်းသည်သာလျှင် ရေဖြစ်သောကြောင့် ရေဟုခေါ်ဝေါ်ရအောင် စုပေါင်း၍ဖြစ်သော ဓာတ်တို့၏အရုဏပေါင်းသည် သမူဟပညတ်ဟူလို)။ ထိုရေဟုခေါ်ဝေါ်အပ်သော အရုဏပေါင်း၌ကကျွဇ္ဇပသောအသီးသီးသော လက္ခဏာသည်သာလျှင် ပရမတ်ဓာတ်အစစ်ဖြစ်၏။ လက္ခဏာကတခြား, ဓာတ်ကတခြားမဟုတ်ကြောင်းကိုဤအခဏီး၏အစနားမှာဆိုအပ်ခဲ့ပြီ။ ထိုကကျွဇ္ဇ လက္ခဏာရှိသော ပထဝီဓာတ်၏သော ဓာတ်တို့စုပေါင်းနေသော ရေကို အာဘယ်ပုံသဏ္ဌာန်ရှိသနည်းဟုမေးလျှင် အသို့ဖြေဆိုကြအုံ့နည်း။(ဤပုဏ္ဏာ၌ပရမတ်,သမူဟပညတ်, နာမပညတ်သုံးပါးဖြင့်။ ထိုသုံးပါးရှိသောဘရားခ၌သဏ္ဌာန်ပညတ်ကိုစိစစ်လိုသည်ဟုမှတ်ကြ)။သဏ္ဌာန်ရှိ၏ဟု ဖြေဆိုကြအုံ့လော၊ သဏ္ဌာန်မရှိဟုဖြေဆိုကြအုံ့လော။ခမ္မသဂ်ဏီအဋ္ဌကထာ၌လာသည့်အတိုင်း၊ မဟာန္တပါတု ဘာဝေဘောအရဖြေဆိုရလျှင်သဏ္ဌာန်ရှိ၏ဟုဖြေဆိုရလတ္တံ့။မဟာဘူတသာမညတောအရဖြေဆိုရမည်ဆိုလျှင်သဏ္ဌာန်မရှိဟုဖြေဆိုရလတ္တံ့၊အာဘယ်သို့ ကြီကြရအုံ့နည်းရေ၌ သဏ္ဌာန်ရှိလည်းရှိ၏။ မရှိလည်းမရှိလော။

ဆိုပေအုံ့။ ။ရေဟုခေါ်ဆိုအပ်သောအရုဏပေါင်းသမူဟဖြစ်သောပထဝီဝသောဓာတ်တို့ကို၊ ဖန်ခွက်လုံးလုံးတခုတည်း၌ထည့်ထားသောအခါ၊ ထိုရေကိုအာဘယ်သဏ္ဌာန်ရှိ၏ဟု ဆိုကြအုံ့နည်း၊ လုံးလုံးဟုဆိုကြရာ၏။ တဘန်ဆိုရေကိုပင် လေးထောင့်သေတ္တာပေါ်တခုထဲ၌ဖို့သွန်ချလိုက်လျှင်၊လုံးလုံးဟုဆိုနိုင်ကြသေး၏လော။ လေးထောင့်ဟူ၍သာ ဆိုကြရာ၏။သို့ရာတွင် လုံးလုံးသည် လေးထောင့်ဖြစ်သွားလေသလော။လုံးလုံးသဏ္ဌာန်ကား မူလကိုယ်ကအဟုတ်ရှိ မဟုတ်။ထိုကြောင့်လုံးလုံးသည်လေးထောင့်ဖြစ်မသွား၊ အဟုတ်ရှိဖြစ်သော ရေဟုခေါ်ဆိုအပ်သော အရုဏပေါင်းသမူဟဖြစ်သော ပထဝီဝသော ဓာတ်တို့သည်သာလျှင်၊ စုဝေး၍ဖြစ်နေရ

သောအခြင်းအရာအားလျှော်စွာ တရုနှင့်တရုမဟုတ်သောအားဖြင့် ရုပေး ဖြစ်နေရ၏။ ထိုအခြင်းအရာ တို့တွင် တရုကို လုံးလုံးဟု သဏ္ဌာန်ပညတ်အပ်၏။ တရုကို လေးထောင့်ဟု ပညတ်အပ်၏။ ရုပေးပုံ အခြင်းအရာ မဟုတ်ကြောင်းကိုသိစေခြင်းပင်တည်းဟုဖြေ ဆိုကြရာ၏။

ထိုကြောင့်၊ ရေဟုခေါ်ဆိုအပ်သော အရုအပေါင်းသမူဟာဖြစ် သောပထဝီစသော ဓာတ်တို့၏အကြောင်းကို စူးစမ်း ဆင်ခြင်၍ ကြည့်ရှုလိုက်သောအခါ။ ရေဟု ခေါ်ဆိုအပ်သော အရုအပေါင်း သမူဟာဖြစ်သော ပထဝီစသောဓာတ်တို့၌။ မရှုဆတ်ဆတ် အား ဖြင့်ဤသို့သောသဏ္ဌာန်ပင်တည်းဟု စင်စစ်မရှိချေ။ သဏ္ဌာန်မရှိ လော။ သဏ္ဌာန်အခြင်းအရာ အားဖြင့် မရုပေါင်းလော သဏ္ဌာန် ပညတ်စရာ မရကောင်းသောတရားလောဟု ကြည့်လိုက်ပြန်က လည်း။ ရေဟုခေါ်ဆိုအပ်သော် အရုအပေါင်းသမူဟာဖြစ်သောပထ ဝီစသော ဓာတ်တို့သည် သဏ္ဌာန်နှင့်ကင်း၍ မတည်ကြကုန်ဘဲ၊ ခွက်လုံးလုံးခို့ထည့်ထားလျှင်ခွက်သဏ္ဌာန်အတိုင်းလုံးလုံး၊ခွက်ပြား ပြားခို့ထည့်ထားလျှင်ပြားပြား၊ အရှည်ခို့တည့်ထားလျှင်အရှည်၊အ ဆတိုခို့ ထည့်ထားလျှင် အတို၊လေးထောင့်ခို့ ထည့်ထားလျှင်လေး ထောင့်၊ ခြောက်မြောင့်စသည်ခို့ ထည့်ထားလျှင် ခြောက်မြောင့်စ သည်၊ အင်းခို့ တည်နေသောအခါ အင်းသဏ္ဌာန်၊ အိုင်ခို့တည်နေ သောအခါအိုင်သဏ္ဌာန်၊ချောင်း,မြောင်း,မြစ်,ပင်လယ်ခို့တည်နေ သောအခါချောင်း,မြောင်း,မြစ်,ပင်လယ်သဏ္ဌာန်အားဖြင့် တည် ရာသဏ္ဌာန်အတိုင်းပင်ဖြစ်ကြလေကုန်၏။ ထိုကြောင့်ရေဟုခေါ်ဆို အပ်သော အရုအပေါင်း သမူဟာအားဖြင့်သာဖြစ်သော ထိုပထဝီ စသောဓာတ်ကြီးလေးပါးတို့၏အပေါင်းအရုကိုသဏ္ဌာန်ရှိ၏ဟုဆို ခဲ့လျှင်၊သဏ္ဌာန်ကားအသို့နည်းဟုမေးငြားအုံ့။ ထိုအခါထိုဓာတ်တို့ ၏ရုပေးပုံအခြင်းအရာကိုစွဲ၍၊ရုပေးပုံအခြင်းအရာကိုထောက်၍၊ ရုပေးသော အခြင်း အရာ အတိုင်းပင် သဏ္ဌာန် ပညတ်ရသော ကြောင့်၊ ထိုဓာတ်တို့၏ အရု အပေါင်းခို့ ထိုဓာတ်တို့၏ ပကတိ

သဏ္ဌာန်ကား ဤသည်ပင်တည်းဟု မရှုဆတ်ဆတ်မရဆပ်။ ထို ကြောင့်ထိုဓာတ်တို့၌ နဂိုရ်သဏ္ဌာန်ဟူ၍မရှိ၊ သဏ္ဌာန်အခြင်းအ ရာနှင့်ကင်း၍လည်းမရဝေးနိုင်ကြသောကြောင့်ကား။ အာဘယ်ကဲ့ သို့ရှိဝေး၍ ဖြစ်နေသနည်း၊ ထိုရှိဝေးသော အခြင်းအရာကို ပွဲ၍ သဏ္ဌာန်ပညတ်ကြရ၏ဟုပြောဆိုစရာရှိလေ၏။

ထိုမှကပါးလည်း၊ပြေဟုခေါ်ဆိုအပ်သောအရုအပေါင်းသမူဟာ အားဖြင့်သာဖြစ်သော ပထဝီဝသောဓာတ်၊ သစ်သားဟု ခေါ်ဆို အပ်သော အရုအပေါင်း သမူဟာအားဖြင့်သာဖြစ်သော ပထဝီစ သောဓာတ်တို့ကိုကား ပြေသည်အာဘယ်သဏ္ဌာန်ရှိသနည်း၊ သစ် သားသည် အာဘယ်သဏ္ဌာန်ရှိသနည်းဟုမေးလျှင် အာဘယ်သို့ပြော ဆိုကြရအံ့နည်း၊ သဏ္ဌာန်ပညတ်စရာမရှိဟု ပြောဆိုကြရာအံ့လော။ ဤပြေ,သစ်သားတို့ကဲ့သို့လည်း ဆိုအပ်ခဲ့ပြီးသောရေအတိုင်းပင်ပြော ဆိုကြရာ၏။ကြွင်းသောချက်တို့ကိုလည်းဤနည်းအတိုင်းသိကြလော။ ထိုကြောင့်မဟာဘုတ်လေးပါးတို့၏အရုဖြစ်သောအသေးငယ်ဆုံး သောတရုတည်းသောချက်ကလာပ်၌ပင်သော်လည်း၊ ပထဝီဓာတ် သည်တည်ရာ အခံကိုစွဲကိုပြုသောကြောင့်၊ ၎င်းပထဝီဓာတ်သည် တည်ရာအခံကိုစွဲကိုပြုရာ၌၊အလုံးအဝန်းအားဖြင့်ပြုလျှင် အလုံးအ ဝန်းဟုပညတ်ရာ၏။အ ရှည်,အတိုစသောအားဖြင့်ပြုလျှင် အ ရှည်, အတိုစသည်ပညတ်ရာ၏။ဤသို့လျှင်ရုပ်ပရမတ်၌နဂိုရ်သဏ္ဌာန်ဟူ ၍မရှိသောကြောင့်၊ အဝိုး,အရှည်၊ အလုံး, အဝန်း၊ လေးထောင့်, ခြောက်ဖြောင့်ဟူ သောအားဖြင့် အမျိုးမျိုးဘန်ဆင်း၍ ပြုစပ်နိုင်၏။ နဂိုရ်သဏ္ဌာန်ဟူ၍ရှိခဲ့ပါမူကား၊ အမျိုးမျိုးဘန်ဆင်း၍ မပြုစပ်နိုင် ပေရာ။ ဤမဟာဘုတ်အရာသည် အလွန်နက်နဲ ကြီးနိုင်ခဲ၏။ သတိ ပညာနှင့်သာကြံကြလေကုန်။

စင်စစ်သော်ကား အငယ်အသေးဆုံးဖြစ်သော ကလာပ်တရု ကိုပကတိမျက်စိဖြင့်မြင်နိုင်ရန်အလွန်ခဲယဉ်း၏။သို့ရာတွင် ၎င်းက လာပ်တရုစီ တရုစီအားဖြင့် ကလာပ်ပေါင်း တထောင်လောက် ရှိဝေးမိ၍သာ၊ပကတိမျက်စိဖြင့်မြင်စွမ်းနိုင်မည်ဟုဆိုလျှင် ပကတိ

မျက်စိအမြင်ထက်အဆတထောင်လောက်, တသောင်းလောက် ကြီးသောမှန်ဘီလူးကြီးနှင့်တပ်၍။ မဟာဘုတ်တို့၏ အပေါင်းဟု ဆိုအပ်သောတရုတည်း,တမှန့်တည်းဖြစ်သော ရုပ်ကလာပ်တရု ကိုကြည့်လိုက်သောအခါ၊ကေန်မရှုမြင်ရကြရာ၏။ထိုအခါဌင်းက လာပ်မှန့်တရု၏ သဏ္ဌာန်ကို အသို့ ပညတ်ရအံ့နည်း။ သဏ္ဌာန် ပညတ်ရန်ဂို-မဂ်ဂို့ယုံမှားဖြစ်နိုင်ဦးအံ့လော။ငါတို့၏မြတ်စွာဘုရား ရှင်သည်မမ္မသက်ကိပါဠိတော်၌ အဆင်းဝဏ္ဏာယတနတရုတည်း ကိုပင် ၃၅-မည်တပ်၍ဟောတော်မူအပ်လေရာဝယ်၊ ဝတ္ထုကို သုံးသပ်၍ဟောတော်မူအပ်သောအရာတို့သည် အဋ္ဌာ-တိမ်။မဟိ ကာ-ဆိုးနှင်း။ ရူမော-မီးခိုး။ ရဇော-မြူ။ ဤလေးပုဒ်တို့ပင်တည်း။ (အကျယ်ကို ငါတို့ရေးသားအပ်သော ဝိပဿနာစက္ခုကျမ်းမှာ ယူ)။ဤလေးပုဒ်တို့တွင် အဆင်းဝဏ္ဏာယတနတရုကိုပင်မြတ်စွာ ဘုရားရှင်သည် ဝတ္ထုကိုသုံးသပ်၍ဟောတော်မူလေပြီ။ ၎င်းပြင် ဝေါဟာရပညတ်၏အစွမ်းအားဖြင့်လည်း။ ဒီဃံ-အရှည်။ ရဿံ-အတို။ အဏု-အငယ်။ ထူလံ-အကြီး။ဝဋ्ဋं-အလုံး။ ပရိမဏ္ဍလံ-အ ဝန်း။စတုရဿံ-လေးထောင့်၊ ဆလံသံ-ခြောက်ဖြောင့်၊ အဋ္ဌံသံ-ရှစ်ဖြောင့်။ သောဠသံသံ-တဆဲ့ခြောက်ဖြောင့်။ နိန္နံ-အနိမ့်။ထလံ-အမြင့်ဟူ၍ ၁၂-ပုဒ်တို့ဖြင့် ဟောတော်မူအပ်ပြီ။ ။ဤကဲ့သို့ အ ဆင်း ဝဏ္ဏာယတန တရုတည်းကိုပင်၊ ဘုရားရှင်သည် အာဘယ် ကြောင့် သဏ္ဌာန် ပညတ်ရလေသနည်းဟု၊ ယုံမှားခြင်းကို ပယ် ဖျောက်စေတော်မူလိုသောကြောင့်။ရင်းပါဠိတော်၏အဘွင့်ဖြစ်သော အဋ္ဌသာလိနီအဋ္ဌကထာဆရာမြတ်သည်စာမျက်နှာ ၃၃၃-၌။

တတ္ထယသ္မာဒီဃာဒိနိဗုသိတွာသဏ္ဌာနာနိတုံ၊နိလာဒိနိပနေဝံ နသက္ကာ။တသ္မာနနိပ္ပရိယာယေနဒီဃံရူပါယတနံ၊တထာရဿာဒိ နိ၊တံတံနိဿာယပနတထာတထာဒ္ဌတံ ဒီဃံရဿန္တိ တေနတေန ဝေါဟာရေနဝဏ္ဏာယတနမေဝေတ္ထဘာသိတန္တိ ဝေဒိတဗ္ဗံ။

(အနက်)။ ။တတ္ထ၊ထို ၃၅-ပုဒ်တို့တွင်။ဒီဃာဒိနိ၊အရှည်အစ ရှိသော ၁၂-ပုဒ်ဖြင့်ဟောတော် မူအပ်သော သဏ္ဌာန်တို့ကို၊ ဗု

သိတ္တာ၊ တ္ဝေထိ၍၊ ဇာနိတုံ၊သိခြင်းငှါ။ သက္ကာ၊တတ်ကောင်းသေး ၏။ နိုလာဒိနိုပနေ၊ ဆည္ပိုဆစ္ဆိသော ၇-ပုဒ်ဖြင့် ဟောတော်မူဆဲ သော ပရမတ္ထသဘာဝတို့ကိုမူကား။ ဝေါ၊ဆရည်စသည်တို့ကိုကဲ့သို့၊ ဗုသိတ္တာ၊ တ္ဝေထိ၍။ ဇာနိတုံ၊ သိခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်းသည်။ ယသ္မာ၊ဆကြင်ကြောင့်။ ဟောတိ၊ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ရူပါယတနံ၊ရူပါယတနသည်။တနည်း။ ဆဆင်းသည်။ နဒိဿံ၊ဆရည်မဟုတ်၊ ရသာဒိနိ၊ဆတို့စသည်တို့သည်လည်း။ တ ထာ၊ထိုဆတူ။နေ၊မဟုတ်။ပနေ၊စင်စစ်သော်ကား။ တံတံ၊ထိုထိုမဟာ ဘုတ်ကို၊နိဿာယ၊ပြု၍။ တထာတထာ၊ထိုထိုသို့သောဆခြင်းဆ ရာဆားဖြင့်။ တနည်း၊ဆရည်,ဆတို,ဆလုံး,ဆဝန်း, လေးထောင့်, ခြောက်မြောင့်စသော ဆခြင်းဆရာဆားဖြင့်။ ဒုတိ၊ တည်သော။ ဝဏ္ဏာယတနေ မေဝ၊ ဆ ဆင်းခေါတ် တရုတည်းကိုပင်လျှင်။ ဒိဿံ ရသန္တိ တေနတေန ဝေါဟာရေန၊ ဒိဿံရသံဟူသော ထိုထိုခေါ် ဝေါ်ခြင်းဖြင့်။ဤ၊ဤ၊ဆရာ၌။ ဘာသိတန္တိ၊ဘုရားရှင်ဟောတော် မူဆဲ၏ဟူ၍၊ဝေနိတဗ္ဗံ၊သိဆဲ၏။

ဤဆဌကထာ၏စကားဆရ၊ မဟာဘုတ်လေးပါးတို့၏ရုပေး တည်နေပုံဆခြင်းဆရာသည်သဏ္ဌာန် ပညတ်ဖြစ်ကြောင်းဟုလာ ၏။ထိုတည်နေပုံဆခြင်းဆရာသည် မဟာဘုတ်လေးပါး ပရမတ် တရားမှဆသီးဆခြားလွတ်၍မနေ။ မဟာဘုတ်လေးပါးကတခြား။ ရုပေးတည်နေပုံ ဆခြင်းဆရာကတခြားဟု မကြံမှားကြကုန်လင့်။ မဟာဘုတ် လေးပါးခို၏ပင်တင်၍ သဏ္ဌာန် ပညတ်ဆပ်၏ဟု သိ ကြလေ။

ဤဆဌကထာ၌၊တံတံနိဿာယဟူသောပါဠိဖြင့်။ မဟာဘုတ် သည်ဆာဘယ်သို့သောဆခြင်းဆရာဆားဖြင့် ရုပေး၍ဖြစ်သနည်း။ ထိုဆခြင်းဆရာ ဆားဖြင့် ဖြစ်သော မဟာဘုတ်ကိုမှီ၍ ဟူသော ဆဗိပ္ပါယ်ရှိ၏။ ၎င်းပါဠိ၌ တာနိတာနိ-ဟူ၍ ဗဟုဝစန သဒ္ဒါဖြင့်မ ဟုတ်ဘဲ၊တံတံ-ဟူ၍ ဧကဝစနသဒ္ဒါဖြင့် ဆသုံးပြုခြင်းကိုထောက် ကာ၊တရုတည်းသောကလာပ်၌သော်လည်းမဟာဘုတ်တို့၏တည်

ပုံဆခြင်းဆရောကိုမှီ၍ ဆရှည်ဆဘို စသော ဆားဖြင့်။ သဏ္ဌာန်ပညတ်ရကြောင်းကို သိကြကုန်ရာ၏။ ထိုဆရှည်ဆတို ဟူသော ပညတ်သည် ဥပနိဓာပညတ်မည်၏။ (ထောက်၍ ပညတ်ခြင်းဟူလို) ကလာပ်ချင်းတခု စီပင်ဖြစ်သော်လည်း။ တခုသော ကလာပ်ကဆရှည်ဟူသောဆခြင်းဆရောဆားဖြင့်။ တခုသော ကလာပ်ကဆဘိုဟူသောဆခြင်းဆရောဆားဖြင့်စုဝေးကြသောဆခါ။ ထိုနှစ်ခုသောကလာပ်တို့တွင်တခုသောဆရှည်ဆခြင်းဆရောကို ထောက်လျှင်။ ဆကြွင်းတခုသည်ဆတိုဖြစ်၏။ တခုသောဆတို ဆခြင်းဆရောကိုထောက်လျှင်။ ဆကြွင်းတခုသည်ဆရှည်ဖြစ်၏။ ဤသို့သိကြလော။ ဆလုံးဆဝန်း ဆရှည်ဆတို ပေးထောင့် ခြောက်မြှောင့် စသော ပညတ်သည် သန္ဌိဝေသ ပညတ်မည်၏။ (ဆရုဆဝေးကို ပညတ်ခြင်းဟူလို) တခုစီသော ကလာပ်သည်ပင်။ ပထဝီဓာတ်သည်ဟု ဆပ်သောတည်ရာ ကိစ္စတည်းဟူသော ဆခြင်းဆရော ဆားလျှော်စွာ။ ဆလုံးဆဝန်း ဆရှည်ဆတို ပေးထောင့် ခြောက်မြှောင့် ဟူသောရုပေးသော ဆခြင်းဆရောဆားဖြင့် ဖြစ်ကုန်၏ဟူ၍လည်းသိကြလော။

ထိုကြောင့်ဆိုဆာ်ခဲ့ပြီးသောပါဠိတော်ဆဋ္ဌကထာတို့ကို သော်ရှုဆင်ခြင်သည်ရှိသော်။ ဤမဟာဘုတ်လေးပါးတို့သည် သဏ္ဌာန်ပညတ် ရကောင်းသော တရားပင် ဖြစ်သော်လည်း၊ အချို့သော ပုဂ္ဂိုလ်တို့က ဝိသုဒ္ဓိမဂ် ဆဋ္ဌကဘာဒီလာသော လက္ခဏာဒီတော ဆရသုံးသပ်ဆင်ခြင်ရန်ရေးသားတော်မူအပ်သော အဗိပ္ပါယ်ဆလိုကို။ (ဤလက္ခဏာဒီတော ဟူသောပါဠိသည် မဟာဘုတ်လေးပါးကိုဆမှန်ဆမှိုက် ဆကြီးဆငယ် ဆရှည်ဆတို စသော ဆားဖြင့် ပညတ် မတင်အပ်သော တရားပင်ဖြစ်၏ဟု ပြတော် မူလိုသော ကြောင့်။ ရေးသားထားတော်မူအပ်သောပါဠိမဟုတ်။ စင်စစ်သော် ကား။ ၎တုဓာတုဝဝတ္ထာန်နည်းတမျိုးဖြင့်။ ဥပစာရသမာဓိသို့ ရောက်ဆောင် ဟောတော် မူအပ်သော ပါဠိမျှသာဖြစ်၏ဟု) မသိလေသောကြောင့်။ မဟာဘုတ်လေးပါးခွဲသဏ္ဌာန်မရှိ။ သဏ္ဌာန်မတင်

ဆပ်-မပညာတ်ဆပ်။ မဟာဘုတ်လေးပါးသည် သဏ္ဌာန်ပညာတ်မှ လွတ်နေ၏။ မဟာဘုတ်လေးပါးကို သဏ္ဌာန် ပညာတ် မဖုံးလွှမ်း ဆပ်။မဟာဘုတ်လေးပါးသည်ပရမတ်ဖြစ်သော မဟာဘုတ်လေး ပါးဆုတိုင်း ပုဂ္ဂိုလ်တည်း။ ဆမ္ဘုန့် ဆမ္ဘိုက်ဌိသာ သဏ္ဌာန် ပညာတ်ရ ကောင်း၏ဟု ဆထူးထူးဆတွေတွေဝေဘန်ကြံဆကြလေကုန်၏။

သဏ္ဌာန်ပညာတ်ဖုံးလွှမ်းပုံကိုယခင်က ဘီလူးမဥပမာဖြင့်ပြုဆို ဆပ်ခဲ့ပြီ။တခြားသော ဥပမာ-မျှားစွာ ပြုရလျှင်လည်း ကျမ်းသာ ကျယ်တောဝေမည်။ထူးမည်မဟုတ်ပြီ၊ပညာတ်ဖုံးလွှမ်းသည်ဟူသော စကားကိုသာကိုး၍ပြုပေအုံ့၊ဝိသုဒ္ဓိမဂ် ဆဌကထာမျက်နှာ ၅၅၃ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသပိုင်း၌။

လက္ခဏာနိ-ပန ကိသ ဆမနုသိကာရာကေန ပဋိစ္စသမုပ္ပါဒဥပဒ္ဒဟ နှိ,ဟူသောဆမေး၌။ဆနိစ္စ လက္ခဏာ ဒုက္ခလက္ခဏာတို့ ကိုဖြေကြားပြီးနောက် ဆနတ္တ လက္ခဏာကို ဖြေကြားတော်မူလို သောဆခါ။ ။ဆနတ္တလက္ခဏံ နာနာဓာတု ဝိနိဗ္ဘောဂသ ဆမ နုသိကာရာ ဃနေန ပဋိစ္စသမုပ္ပါဒ နဥပဒ္ဒါတိ။ ။ဟူ၍မိန့်ဆိုတော် မူဆပ်၏။

(ဆနက်)။ ။လက္ခဏာနိပန၊ လက္ခဏာတို့ကိုကား။ကိသ၊ ဆာဘယ်တရားကို။ ဆမနုသိ ကာရာ၊ နှလုံးမသွင်း မရှု မှတ်ခြင်း ကြောင့်။ကေန၊ဆာဘယ်တရားသည်။ ပဋိစ္စသမုပ္ပါဒ၊ဝိတ်ပင်ဖုံးလွှမ်း ဆပ်သည်၏ဆဖြစ်ကြောင့်။နဥပဒ္ဒါတိ၊မထင်နိုင်သနည်း။(ဤကား ဆမေး)။နာနာဓာတုဝိနိဗ္ဘောဂသ၊ ဓာတ်တို့၏တခုနှင့်တခု မတူ ကွဲပြားသောသဘောကို။ ဆမနုသိကာရာ၊ နှလုံးမသွင်း မရှုမှတ် ခြင်းကြောင့်။ဃနေန၊ဃနပညာတ်သည်။ ပဋိစ္စသမုပ္ပါဒ၊ ဝိတ်ပင်ဖုံး လွှမ်းဆပ်သည်၏ဆဖြစ်ကြောင့်။ ဆနတ္တလက္ခဏံ၊ ဆနတ္တလက္ခ ဏာသည်။နဥပဒ္ဒါတိ၊ မထင်မြင်နိုင် (ဤကားဆဖြေ) ဤဆဌက ထာ၏စကားတော်ကိုသောက်၍၊ ပရမတ္ထတရားကို ဟုတ်ဘိုင်း မှန်စွာမသိမမြင် ရဏောင်ဃန ပညာတ်ဖုံးလွှမ်းကြောင်းကို သိကြ လေ။ထိုဃနသည်လည်းသ ဏ္ဌ တိဃန-သမူဟဃန-ကိစ္စဃန-ဆာ

ရဒ္ဓကာစယနဟူ၍လေးမျိုးဂိုဏ်ကုန်၏။(နောက်ဆောင်း ၁၆-မှာ ရှင်းလင်းစေမည်)။

ဆိုဆပ်ခဲ့ပြီးသောလေးပါးသော စကားပညတ်တို့နှင့် ဆောဘာဝပညတ်၊ ဤနှစ်ရပ်တို့ကိုပိုင်နိုင်ခဲ့ပါမူကား၊ ပညတ်ပရမတ်နှစ်ပါးဟူကောင်းစွာ နားလည် သည်မည်၏။ ။ဆိုကြီးအုံ့။ ။ဤလေးပါးသောစကားပညတ်တို့သည်ကား။ပရမတ္ထဆောင်းဖြင့် ထင်ရှားရှိသော တရားကိုစွဲ၍ပညတ်ခြင်းဖြစ်ကြ၏။ဆောဘာဝ ပညတ်ဆိုသည်ကား။ ယုန်ချို· လိပ်မွေ- ပုဇွန်သွေး ဆိုဘိသကဲ့သို့။လောသံမှသာရှိ၍။ ဤသည်ပင်ယုန်ချို။ ဤသည်ပင်လိပ်မွေး၊ဤသည်ပင် ပုဇွန်သွေးဟု၊ ဖြစ်ရာဝတ္ထုတဲ့ရုံတရုမှ ထင်ရှားမရှိဘဲ။ ပညတ်ခြင်း ဖြစ်၏။ ထိုကြောင့်ဤဆောဘာဝ ပညတ်သည်သာလျှင်ပရမတ်မှ ဆသီးဆခြားလွတ်နေသောပညတ်ဖြစ်၏။စကားပညတ်မူကား ပရမတ်မှ ဆသီးဆခြားလွတ်နေသော တရားမဟုတ်။ ထင်ရှားရှိသော ပရမတ်ကိုပင်တင်၍ပညတ်ရသောကြောင့်။ ပရမတ်မှ ဆသီးဆခြားလွတ်၍မနေသော ပညတ်ဖြစ်၏။ ပညတ်သည် ပရမတ်မှ ဆသီးဆခြားလွတ်နေရမည်ဟု ယူဆလျက်။ စကားပညတ်ကိုလည်း ပရမတ်မှ လွတ်၍ကြေခဲ့သော်။ဆောဘာဝပညတ်ကို ကဲ့သို့သော်ငင်း။ ကသိုဏ်းပညတ်ကိုခွါ၍ရဆပ်သော ကောင်းကင် ပညတ်ကို ကဲ့သို့သော်ငင်းစိတ်ထဲ၌ထင်ရသောကြောင့်။ စကားပညတ်ဟူသည်။ ပရမတ်တရားကိုမပညတ်ဆပ်ဘဲ။ပရမတ်မှ ဆသီးဆခြား။လွတ်နေသော ဘာမျှမရှိသည်ကို။စိတ်ထဲ၌ ထင်နေရသော ဆတုံးဆခဲပင်ဖြစ်၏ ဟုယူဆကြလေကုန်၏။ ထိုကြောင့် ဉာဏ်ထဲ၌ဆုံးဖြတ်သွားကြရန်ကား။ ပရမတ်က တခြား၊ ပညတ်က တခြားဆိုသော စကားသည်။ပရမတ်သဘောနှင့်ပညတ်သဘော။ ဤနှစ်ပါးတို့သည် တပါးနှင့် တပါးသဘောချင်းဆောင်းဖြင့် မတူကြဟုဉာဏ်ထဲ၌သိမှတ်ရန်ဆိုသောစကားဖြစ်၏။ပရမတ်တရားမှပညတ်တရားကိုခွဲထုတ်၍ရသည်ဟူ၍ငင်း။ပရမတ်တရားသည်ပညတ်တရားနှင့် ဆလျှဉ်းမစပ်ဆိုင်ဘဲ။ပကတိဆောင်းဖြင့် ဆသီးဆခြား လွတ်နေသောတရား

ဟူ၍ဝင်း။ဆိုသောစကားမဖြစ်သင့်ရာ။ ။ပရမတ်တခြား-ပညတ်တခြား မဟုတ်ဆိုသော စကားသည်ကား။ ပရမတ္ထ တရားခို့ပင်တင်၍ ပညတ် ရသောကြောင့်။ ပရမတ်သည် ပညတ်မှ မလွတ်-ပညတ်သည်လည်း ပရမတ်မှမလွတ်ဟု ဆိုသောစကားဖြစ်၏ဟု ဆုံးဖြတ်သွားလေရာ၏။

ဆိုဦးအုံ့။ ။ပရမတ္ထတရား လေးပါးတို့တွင် စိတ်စေတသိက်တို့၌မှိရာမဟာဘုတ်မရှိသောကြောင့်။ သဗ္ဗညုတ်ဉာဏ်ပညတ်မှလွတ်၏ဟု ဆုံးဖြတ်ကြဦးမည်ရန် မလိုပြီ။ထင်ရှားရှိသော တရားတို့ဖြစ်ကြခြင်းကြောင့်ဆာဝကပညတ်မှလွတ်၏။ ပကတိကိုယ်ကနာမည်မပါမရှိသော်လည်း နာမည်တပ်၍ ပြောဆိုရသော ဆခါ။ နာမပညတ်မှ မလွတ်နိုင်။ ။ရုပ်ပရမတ်ကိုမူကားဆကြီးဆင်ယင် ဆရှည်ဆတို ဆလုံးဆဝန်းစသောဆားဖြင့်၊ဝမ္မသက်ကိပါဋိတော်၌ ပညတ်တင်၍ဟောတော်မူဆပ်သည့်ဆဘိုင်း။ ထိုသဗ္ဗညုတ်ပညတ်သည် ပရမတ်မှဆသီးဆခြားလွတ်ထွက်မနေဘဲ၊ ထိုပရမတ်ကိုပင် ပညတ်ရသောကြောင့်။မကွဲမကွာဆတူဖြစ်ကြကုန်သော ပထဝီ ဆာပေါစသောသဘောတရားဆရုနှင့်။ဆကြီးဆင်ယင်ဆရှည်ဆတို ဆလုံးဆဝန်းစသောသဗ္ဗညုတ် ပညတ်တို့သည်ဆာရုံပြုသော ပုဂ္ဂိုလ်၏ဉာဏ်ဆား။ဤသည်ကားပရမတ်-ဤသည်ကားပညတ်ဟု ခွဲခြမ်းဝေဘန်၍ သုံးသပ်သောဆခါ။ ထိုတရုတည်းသော တရားခို့ပင်တင်၍ ကျသောကြောင့်။ ဤရုပ်ပရမတ်သည် သဗ္ဗညုတ်ပညတ်မှ ဆသီးဆခြား လွတ်နေသော တရားမဟုတ်ဟု သင်ကြလေရာ၏။ သန္ဓိတိဃနပညတ်ကိုလည်း ထိုဆတူသုံးသပ်ဆပ်သော တရားခို့သာတင်၍သုံးသပ်ကြရာ၏။

ဆချို့သော ပုဂ္ဂိုလ်တို့က။ ရုပ်သည်လည်း ပရမတ္ထ ဆားဖြင့်သဘောလက္ခဏာမျှသာရှိ၏။နာမ်သည်လည်း ထိုဆတူ ပရမတ္ထ ဆားဖြင့်သဘောလက္ခဏာမျှသာရှိ၏၊ထိုသို့ဖြစ်ကြပါလျက် ရုပ်၌ကားယူဇနာစသောဆတိုင်း ဆရှည်ဆားဖြင့်ရကောင်း၏။ နာမ်၌ကားဆာဘယ်ကြောင့်မရကောင်းပါလေသနည်းဟု စဉ်းစားကြီဆ

ဝိနိုင်ရာ၏။ထိုအခါရုပ်၌ကားအတုအထယ်သဏ္ဌာန်ဖြင့်ရကောင်း သောမဟာဘုတ်ရှိ၏၊ နာမ်၌ကား ထိုသို့သဘောရှိသော မဟာ ဘုတ်မရှိ၊ထိုကဲ့သို့ရုပ်နှင့် နာမ်မတူကြလေသောကြောင့်။ ရုပ်ပရ မတ်နှင့်နာမ်ပရမတ်တို့သည်ပရမတ်ချင်း အတူတူဟူသော အယူ ကိုပယ်စွန့်လေနိုင်ရာ၏၊ရုပ်ပရမတ်· နာမ်ပရမတ်ဟူသော ဤနှစ် ရပ်၏အမည်ကိုထောက်ထားကြ။ အဆုံးဌိ ပရမတ်သဒ္ဒါ အချင်း ချင်းတူကြသော်လည်း။ အစဌိရုပ်ဆိုသောသဒ္ဒါနှင့် နာမ်ဆိုသော သဒ္ဒါနှစ်ခုမူကား ကွဲပြားနေကြပုံကို ထောက်သဖြင့်၊ ပရမတ္ထဟူ သမျှသည်တခုနှင့်တခု မတူကြလေဟု သိသာခြားနား နိုင်ရာ၏။ ရုပ်ဌိလည်း အစိပ်အစိပ်ခွဲကြသို့လျှင်။ တခုနှင့်တခု မတူကြခြင်း။ နာမ်ဌိလည်း အစိပ်အစိပ်ခွဲကြသို့လျှင် မတူကြခြင်းကိုလည်း သိ သာလာကြလတံ့။ထိုကဲ့သို့လောကီပရမတ်ထဲမှာသော်မှ။တခုနှင့် တခုမတူကြပါမူကား။လောကီပရမတ်ကို လောကုတ္တရာပရမတ် နှင့်ပရမတ်ချင်းအတူတူဟူ၍ မကြီကြလေနှင့်တော့။ အရှင်သာရိ ပုတ္တရာမထေရ်မြတ်သည်အနောမဒဿီမြတ်စွာဘုရားရှင်၏ ဥာဏ် တော်ကိုချီးမွမ်းကော်ရော်ပူဇော်ခဲ့ဘူးခြင်းကြောင့်။ ဥာဏ်တော် ကြီးကြောင်း။ ထိုဥာဏ်တော်ကို တိုင်းထွာ၍ ပြတော်မူလိုသော ကြောင့်။

စေရုပိနော သိယာ ပညာ၊
မေ ဝသုဝတိ နသမေယျ။
အနောမဒဿိသ ဘဂဝတော၊
ဖလမေတံ ဥာဏ ထောမနာယ။
(ထေရာအပါဒါနိပါဠိတော် မျက်နှာ ၂၀)။

(အနက်)။ ။မေ၊သာရိပုတ္တရာ၊ငယ်မည်တွင်လဲန်း၊ ငါရဟန်း ၏။ပညာ၊ပညာသည်။ရူပိနော၊ရုပ်သည်။ တနည်း။ လေးဖြာမဟာ ဘုတ်။စပ်ကာချုပ်ဟန်။ရုပ်သဏ္ဌာန်သည်။စေသိယာ၊ အကယ်၍ ဖြစ်ခြားအုံ။ဝ သုဝတိ၊နှစ်သိန်းလေးသောင်းအထက်ရှိသော ဤမဟာ

ပထဝီမြေကြီးသည်။ နှသမေယျ၊ မတ္ဌမ္ဘနိုင်လေရာ။ တေဝဲလ်၊မြေကြီးပမာ၊မနုန်းသာဆောင်၊ ပညာ,ဖွံ့ပြိုး၊ ဤအကျိုးသည်။အနောမဒဿိသ၊အနောမဒဿိမည်တော်ရှုသော၊ ဘဂဝတော၊ဖြတ်စွာဘုရားဒ္ဓါ။ဥာဏသောမနာယ၊ ဥာဏ်တော်ကို ချီးမွမ်းကော်ရော်ပူဇော်ခဲ့ဘုံးခြင်းဒ္ဓါ။ဝဲလ်၊အကျိုးပါပေတည်း။

ဤကဲ့သို့ အရှင်မဟာသာရိပုတ္တရာ မထေရ်ဖြတ် ဟောတော်မူအပ်သော ဒေသနာဝယ်။ ကြီးကျယ်သော ဝိပိဒ္ဓါဥာဏ်တော်ကို။ မြေကြီးနှင့် တိုင်းထွာ၍ ပြတော် မူလေ၏။ ထိုကဲ့သို့ မြေကြီးနှင့် ဥာဏ်တော်ကို တိုင်းထွာရာ၌ တူသောအားဖြင့် တိုင်းထွာတော်မူလေသလောမတူသောအားဖြင့်တိုင်းထွာတော်မူလေသလော။ စဉ်းစားစရာရှိ၏။ထိုအခါစေရူပိနောသိယာပညာဟူသောပါဠိ၌။ စေရူပိနောဟူသော သဒ္ဒါဖြင့်ပင် (ငါ၏ပညာသည် အကယ်၍ရုပ်ဖြစ်လျှင်) ဆိုသောကြောင့်။ရုပ်နှင့် နာမ်မတူကြကြောင်းကိုသိသာရန်ငါ၏၊ပရမတ်ချင်းအတူတူဟူ၍ မဆိုအပ်ရာသော စကားသည် ဤတွင်ရှင်းလင်းပြီ။

သမ္မုတိသစ္စာ၊ပရမတ္ထသစ္စာနှစ်ပါးတို့သည်မှန်သောတရားတို့ ချည်းဖြစ်ကုန်သောကြောင့်ပရမတ္ထတရားသည်ထင်ရှားရှိ၍မှန်၏။ သမ္မုတိတရား၊ ပညတ် တရားသည် ထင်ရှား မရှိသောကြောင့် မှားဖြစ်ဟုမဆိုနိုင်ရာ၊(သမ္မုတိ၊ပညတ်အဘူတ)သို့ရာတွင် ပညတ်သည်ပရမတ်ကဲ့သို့ထင်ရှားမရှိ။ ပရမတ်ဖြစ် အခြင်းအရာမတူခြားနားသည်အလျောက်။ပရမတ်ကိုပင် ပညတ်ရခြင်း ဖြစ်ဖြစ်ဟုမှတ်ကြ။ယခုအခါစိုးစစ်ပေအုံ့၊ပညတ်သည် ပရမတ်ကဲ့သို့ထင်ရှားမရှိခဲ့သော်။ အဘယ်ကဲ့သို့ရှိသနည်း၊ရှိသော တရားလေလော။ မရှိသောတရားလေလော။အသို့ဆိုကြအုံ့နည်း။ အကြီးအငယ်အရှည်အတိုစသောသဏ္ဌာန်ပညတ်တရားကို ဘာမျှမရှိသော တရားဟုဆိုရအုံ့လော။ ။ခဏရပ်တန့်၍ စဉ်းစားလိုက်ကြစမ်း။ ။သဏ္ဌာန်ပညတ်ကိုဘာမျှမရှိသော တရားဟု ဆိုကြားအုံ့။ ။ဘာမျှမရှိလျှင် သဏ္ဌာန်ပညတ်သည်အဘာဝလော၊ ။အဘာဝပညတ်ဆိုသည်

ကားပညတ်အပ်သောပရမတ်ကိုယ်ကထင်ရှားမရှိသော ပညတ်ကိုသာဆိုသည်မဟုတ်လော။ သဏ္ဌာန်ပညတ်မှာကား အဘာဝ ပညတ်ကဲ့သို့ ပညတ်အပ်သော ပရမတ် တရားထင်ရှား မရှိလေလော။ထိုကြောင့် အဘာဝ ပညတ်သာဖြစ်လျှင်။ အဘာဝပညတ်ဟူ၍ သာဆိုရန်သင့်၏။ သဏ္ဌာန် ပညတ်သာဖြစ်လျှင် သဏ္ဌာန်ပညတ်ဟူ၍ဆိုရန်သင့်၏၊သဏ္ဌာန်ပညတ်နှင့် အဘာဝပညတ်ကို ပညတ်နှစ်ထပ်ဆင့်၍သဏ္ဌာန်ကိုဘာမျှမရှိဟု-အဘာဝ မပြုသင့်ရာ။ထိုကြောင့် အကြီးဆုံးယ် အရှည်အတို လေးထောင့်ခြောက်မြောင့်စသော တရားကို ဘာမျှ မရှိသော တရားဟု ဆိုငြားအုံ့။ ပညတ်အပ်သောပရမတ်ကိုအာရုံမပြုရဘဲ။ဘာမျှမရှိသည်ကိုသာ လျှင်အာရုံပြုရသောကြောင့်။ ပညတ်အပ်သော ပရမတ်ကိုယ်က အရင်းပါပြတ်-ပြတ်သွားပြီးလျှင်။ ပရမတ္ထတရားဟူသည် ဖြစ်ရာ ဘာမျှမရှိသော အဘာဝတရားပင်ဖြစ်၏ဟူ၍သာ မှားသောအား ဖြင့်သက်ဝင်ရန်ဖြစ်လေတော့၏။

